မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ရှိပါက လွှတ်တော်နှင့်ဆက်သွယ်ဆောင်ရွက်

လုပ်ငန်းလုပ်ဆောင်ရာတွင် ဝေဖန်ခံနိုင်မှ အမှန်ကိုမြင်ရမည်ဖြစ်၍ ဝေဖန်ခံနိုင်ရန်လည်း လိုအပ်

ပြုပြင်ပြောင်းလဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တက်ညီလက်ညီလုပ်ဆောင်ပါက မူလထက်တိုး၍ နှစ်ဆ၊ သုံးဆဖြစ်လာနိုင်

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Reform Strategy ရှင်းလင်းဆွေးနွေးညှိနှိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် Reform Strategy ရှင်းလင်းဆွေးနွေးညှိနှိုင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆက်လက်ပြုလုပ်သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ထိရောက်သည့်ပြုပြင်ပြောင်းလဲရေးအစည်းအဝေး ပထမပိုင်းတွင် Reform Strategy ကို ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဥက္ကဋ္ဌများ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

Reform လုပ်သည်ဆိုရာတွင် Political Reform, Administration Reform, Economic Reform, Social Reform စသည်တို့အနက် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ကို မြန်မြန်ထက်ထက် ပြုပြင်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ Mind Set များလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ယမန်နေ့က လမ်းညွှန်ခဲ့သော ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးသည် လက်တွေ့ပြည်သူများလိုလားကြသည့် ပြုပြင်ပြောင်းလဲရေးဖြစ်၍ အမှန်တကယ်ပြုပြင်ပြောင်းလဲလုပ်ဆောင်ကြရမည့် ကဏ္ဍနှင့် ဒေသန္တရစီမံချက်များကို လက်တွေ့ကျင့်သုံး၍ရမည့်နည်းလမ်းများရေးဆွဲပြီး လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ဖြစ်ပါကြောင်း၊ *စာမျက်နှာ ၂ ကော်လံ ၁* ❍

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဒီမိုကရေစီ မြစ်ဖျားခံရာ ဂရိနိုင်ငံ အစိုးရဖွဲ့ရေး အကျပ်တွေ့နေ စာ-၅

အမေရိကန်အိုင်ဒေါလ် သီချင်းဆိုပြိုင်ပွဲ အဆိုတော် ကာဗနတ်၏ ဆုဆွတ်ခူးရန် ရေပန်းစား စာ-၇



ဂျာမန်ဖလား နောက်ဆုံးဗိုလ်လုပွဲ ဒေါ့မွန်တို့ ဖလားကိုင်မြှောက် အောင်ပွဲခံ စာ-၁၁

ပဲခူးမြို့ဝန်းကျင် ရေကြီးရေလျှံဖြစ်ပွားမှုကို သက်သာစေမည့် ရေနုတ်မြောင်းများ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၁၃

ပဲခူးမြစ်ရေလျှံမှုကား နှစ်တိုင်းမိုးရာသီ၌ ဖြစ်ပွားတတ်သည်။ အထူးသဖြင့် နှစ်စဉ် ဇူလိုင်လနှင့် ဩဂုတ်လများ၌ ပဲခူးမြစ်ရေလျှံပြီး ပဲခူးမြို့နှင့်အနီးဝန်းကျင်၌ ရေနစ်မြုပ်လေ့ရှိသည်မှာ အချိန်ကာလ ရှည်ကြာခဲ့လေပြီ။

ပဲခူးမြစ်ရေလျှံမှုနှင့် ပဲခူးမြို့ အပါအဝင် အနီးဝန်းကျင်ဒေသများ ရေလွှမ်းမှုမှ အထိုက်အလျောက် တားဆီးရန် ပဲခူးရိုးမတောင်တန်းများပေါ်မှ စီးဆင်းနေသော ချောင်းများပေါ်တွင် ရေလှောင်တမံများ တည်ဆောက်ပေးနေသည့်နည်းတူ ပဲခူးမြစ်အတွင်း သောင်ခုံတူးခြင်း လုပ်ငန်းများနှင့် ဇောင်းတူးရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း *စာမျက်နှာ ၁၀ ကော်လံ ၁* ■

မင်းရွာ-ကုက္ကိုရေနုတ်မြောင်း မင်းရွာရေလွှဲပေါက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။

14-5 (01).pmd 1 5/14/2012, 2:43 AM

❍ ရှေ့မှ

ယင်းသို့ ဆောင်ရွက်ရာတွင် Reform လုပ်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများက ဘာတွေ Reform လုပ်ရန်လိုသလဲ၊ ဘယ်လို အစီအမံနှင့် Reform လုပ်မှာလဲဆိုသည်ကို ဦးစွာ လေ့လာသုံးသပ်ပြီး မိမိတို့၏ အစီအစဉ်မူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း၊ သမ္မတကြီး၏ မူဝါဒလမ်းညွှန်မှု ရယူခြင်းများ ဆောင်ရွက်၍ ရေးဆွဲသွားရန် လိုပါကြောင်း၊ Reform လုပ်ရာတွင် ယခင်က လွှတ်တော်၌ ဥပဒေအဖြစ်တင်သွင်းအတည်ပြုပြီးခဲ့သော အမျိုးသားစီမံကိန်းကို အနာဂတ်ကာလတွင် ပိုမိုပြုပြင်ပြောင်းလဲရန် လိုအပ်သည့် Physical Development Plan များပေါင်းစပ်ပြီး ပြည်သူများ၏ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် People Centred Development Reform ဖြစ်ရန် လိုအပ်ပါကြောင်း၊ Reform လုပ်စရာမလိုသည့် ကဏ္ဍများလည်း ရှိနိုင်ပြီး လက်ရှိအခြေအနေမှ တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်လုပ်သွားရမည့် Development Plan များလည်း ရှိမည်ဖြစ်ပါကြောင်း၊ ၎င်းကို ခွဲခြားဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ပြည်သူလူထု ပြုပြင်ပြောင်းလဲစေချင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ ရုံးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ စီမံအုပ်ချုပ်ရေး အဆင့်ဆင့် မပြေလည်မှုများအပေါ် အစိုးရဌာနစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဖြစ်သည့် (Public Administration Reform) ပြုလုပ်ရန် လိုအပ်နေပြီး ထိုသို့ လုပ်ဆောင်ရာတွင် ပါဝင်သော-

- Management System Development,
- Policy and Decision Making Process,
- Transparency Promotion and Good Governance,
- Organizational Structural Reform,
- Performance System Improvement,
- E-government Development,
- Establishing Public Service Ethics and Code of Conduct,
- Integrated Development Plan စသည်တို့နှင့် ဘက်စုံထည့်သွင်း စဉ်းစားနိုင်မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်ကို ရောက်နိုင်မည်ဖြစ်ပါကြောင်း။

အထူးအရေးကြီး

ဒုတိယပိုင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများမှာတော့ တိုင်းပြည်၏ စီးပွားရေးကို သိသိသာသာ တွန်းတင်နိုင်မည့် Investment and Trade ပိုင်းတွင်-

ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာ၌ လုပ်ကိုင်နိုင်သကဲ့သို့ လုပ်ကိုင်နိုင်ရန်၊ လက်တွေ့ကျသော ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ မူဝါဒချမှတ်ပြီးပြီဆိုလျှင်လည်း ထိုမူဝါဒများခိုင်မာရန်၊ လူတစ်စုအတွက်မဟုတ်ဘဲ အများက လွယ်ကူချောမွေ့စွာလုပ်ကိုင်နိုင်ရန်၊ ပွင့်လင်းထင်သာမြင်သာရှိရန်၊ လုပ်သာကိုင်သာရှိပြီး ရေရှည်ဆောင်ရွက်နိုင်ရန်လိုပါကြောင်း၊ ထိုအခြေအနေ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၏ကဏ္ဍတစ်ခုချင်း အသေးစိတ်ပွင့်ပွင့်လင်းလင်း အပြန်အလှန်ညှိနှိုင်းနိုင်ရေးရှိရန် အထူးအရေးကြီးပါကြောင်း။

ညှိနှိုင်းဆွေးနွေး

ထိုသို့ဆောင်ရွက်ရာတွင် ဒေသ၏ Land Use Policy and Development Plan အရ ရင်းနှီးမြှုပ်နှံခွင့်ပြုပေးနိုင်မည့် ဦးစားပေးကဏ္ဍအလိုက် မြေနေရာရရှိရေး၊ ဒေသ၏ Resource Based အရ ရင်းနှီးမြှုပ်နှံနိုင်မည့် ကုန်ကြမ်းပမာဏနှင့် ခွင့်ပြုနိုင်မည့်နေရာ အနေအထား၊ ဒေသ၏အလုပ်အကိုင် အခွင့်အလမ်းနှင့် စီးပွားရေးတိုးတက်ရန် လိုအပ်ချက်အရ ထူထောင်ရင်းနှီးမြှုပ်နှံခွင့်ပေးလိုသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် အခြားကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုပေးနိုင်မည့် အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသန္တရအဖွဲ့များအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Investment Plan) စသော ကဏ္ဍတစ်ခုချင်း အသေးစိတ် အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအခါတွင် နိုင်ငံတကာမှ လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မေးမြန်းလေ့လာကြ၊ Forum, Seminar များ၊ Business Matching များ လုပ်နေကြသည်ကို တွေ့ရသကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဟိုဌာနမူက တစ်မျိုး၊ ဒီဌာနမူက တစ်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း သူ့မူနှင့်သူ လုပ်ကြသည့် အလေ့အထများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများကြားတွင် အခက်အခဲ တွေ့နေကြရသည့် အခြေအနေကို ပြန်လည်လေ့လာသုံးသပ်ကြပြီး ဤညှိနှိုင်းအစည်းအဝေးတွင် ခိုင်မာသောအဖြေထွက်သည်အထိ ညှိနှိုင်းကြရန်၊ ညှိနှိုင်းရရှိချက်များကို ပြန်လည်ပြုစုပြီး နိုင်ငံတော်သို့တင်ပြ၍ မူဝါဒချမှတ်နိုင်ရေး၊ လက်တွေ့ကျပြီး ရေရှည်အသုံးပြုနိုင်သော ခိုင်မာသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရန်၊ နိုင်ငံ့ပြည်သူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိသာမြင်သာအောင် ထုတ်ပြန်ကြေညာ၍အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရန်လိုပါကြောင်း။

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရ ဦးမြင့်မောင် တင်ပြစဉ်။ (သတင်းစဉ်)

အချုပ်မှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးလာသည့်ကိစ္စရပ်ဖြစ်၍ သိသာသော ပြောင်းလဲတိုးတက်မှုရရှိနိုင်အောင် ဆောင်ရွက်ရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဆက်အောင်က Reform Strategy နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယသမ္မတက ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စက်မှုဇုန်၊ စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးနိုင်မည့်လုပ်ငန်းနယ်ပယ်များအပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့်လုပ်ငန်းနယ်ပယ်များအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ခြင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးနိုင်မည့် လုပ်ငန်းနယ်ပယ်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ကလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ရင်းနှီးမြှုပ်နှံမှုနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဝင်ခွင့်စာမေးပွဲ

ထို့နောက် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကား ပြောကြားရာ၌ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ဝန်ကြီးဌာနများ အနေဖြင့် မည်သို့လုပ်ဆောင်မည်၊ မည်သည့်အပိုင်းမှ စတင်လုပ်ဆောင်မည်ကို စဉ်းစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကမ်းလှမ်းနေသော်လည်း မိမိတို့မှ လက်ခံရန် အသင့်မဖြစ်သေးကြောင်း၊ ပေါ်ပေါက်လာသည့် အခွင့်အရေးကို လက်လွှတ်မခံသင့်ကြောင်း၊ ပြုပြင်ပြောင်းလဲမည့် စီမံချက်မူကြမ်းကိုယခုလကုန်တွင် အပြီးဆောင်ရွက်တင်ပြရန် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် မူဝါဒနှင့်ကြီးကြပ်မှုကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင် ဦးစီးဌာနများ ဖောင်းပွနေမှုရှိ မရှိ၊ လေလွင့်မှုများ ရှိ မရှိ ပြန်ကြည့်ရန်လိုကြောင်း၊ ပြုပြင်ရန်လို မလို၊ လက်ရှိအတိုင်းသွားရန်လို မလို၊ စဉ်းစားဆောင်ရွက်ကြရန်နှင့် ပြုပြင်ရန်ရှိက အမြန်ဆောင်ရွက်ကြရန်လိုကြောင်း၊ ညွှန်ကြားရေးမှူးချုပ်အဆင့်မှ အောက်ခြေအထိ ဆက်ဆံပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများကို ပြောင်းလဲရန်ရှိက ပြောင်းလဲကြရန်လိုအပ်ကြောင်း၊ သာမန်အားဖြင့် အောက်ခြေမှ တက်လာသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုတွင် ပြောရန်မရှိသော်လည်း ကြားမှ ဖြတ်ဝင်လာသော ပုဂ္ဂိုလ်များ ရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေနိုင်ကြောင်း၊ ၎င်းအပြင် ဝန်ကြီးဌာန၏ လုပ်ငန်းလည်း အထိုက်အလျောက် ကျဆင်းသွားနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ ခန့်ထားလိုသူများရှိပါက အရည်အသွေးကို သိရှိနိုင်အောင် ဝင်ခွင့်စာမေးပွဲများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဤသို့သော စနစ်မျိုးဖြင့်သာ ပြုပြင်သင့်၊ ဆောင်ရွက်သင့်ပြီး နိုင်ငံတော်

စာမျက်နှာ ၃ ကော်လံ ၁ သို့

☆ သာမန်အားဖြင့် အောက်ခြေမှ တက်လာသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုတွင် ပြောရန်မရှိသော်လည်း ကြားမှဖြတ်ဝင်လာသော ပုဂ္ဂိုလ်များရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေနိုင်ကြောင်း၊

☆ ၎င်းအပြင် ဝန်ကြီးဌာန၏ လုပ်ငန်းလည်း အထိုက်အလျောက် ကျဆင်းသွားနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ခန့်ထားလိုသူများရှိပါက အရည်အသွေးကို သိရှိနိုင်အောင် ဝင်ခွင့်စာမေးပွဲများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊

☆ ဤသို့သော စနစ်မျိုးဖြင့်သာ ပြုပြင်သင့်၊ ဆောင်ရွက်သင့်ပြီး နိုင်ငံတော်အတွက် စဉ်းစားသင့် ဆောင်ရွက်သင့်သော လုပ်ငန်းလည်း ဖြစ်ပါကြောင်း၊ မူလဝန်ထမ်းအတွက် လမ်းပိတ်ထားသည့် ပုံစံမျိုးမဖြစ်စေရန်လည်း စဉ်းစားဆောင်ရွက်သင့်ကြောင်း။

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၃၀ နံနက်ခင်းသတင်း

ညပိုင်း

- ၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၀၀ တေးဂီတအစီအစဉ်
- ၅း၁၀ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၈း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံတကာသတင်းများ
  - -မိုးလေဝသအခြေအနေ
  - -ကမ္ဘာ့ကျော်သရုပ်ဆောင်များ

(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ညွှန့်လှိုင် အမှာစကားပြောကြားစဉ်။ (၀၇၂)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၁၄ ရက်)

ချင်သုံးချင်ကို ဆင်ခြင်နိုင်ကြမည်ဆိုလျှင်

ယနေ့ခေတ်သည် ရှေးခေတ်ကနှင့်မတူ။ အမျိုးမျိုးအဖုံဖုံသော အဆန်းအပြား အစားအသောက်များပေါ၏။ ဝတ်စရာ၊ ဆင်စရာများကလည်း ပေါမှပေါ။ ကြွားစရာ၊ ဝါစရာများကလည်း ပေါပါဘိ။ လူအများစုသည် ထိုအရာများနောက်သို့ လိုက်လွန်းကြသဖြင့် ဘဝတွင် အောင်မြင်သင့်သလောက် မအောင်မြင်ဘဲရှိ၏။

အချို့သောသူများသည် နေ့ရောညပါ အလုပ်ကိုကြိုးစားလုပ်ကြ၏။ ကြိုးစားလုပ်ကြသဖြင့် ဝင်ငွေလည်းကောင်း၏။ သို့သော် အဖတ်မတင်။ စုမိ၊ ဆောင်းမိမရှိကြ။ ရရစားစားဖြင့်ပင် လုံးချာလိုက်နေကြ၏။

သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ တစ်ခါက သက်ကြီးဝါကြီးပုဂ္ဂိုလ်တစ်ဦးက ကြီးပွားချမ်းသာ ဘဝတိုးတက်ရေးအတွက် ချင်သုံးချင်ကို ဆင်ခြင်သင့်ကြောင်း ပြောဖူး၏။ ချင်သုံးချင်ကို ဆင်ခြင်နိုင်လျှင် ဘဝတိုးတက်မှုကို ဧကန်ရသည်ဟုဆို၏။ ချင်သုံးချင်ဟူသည်ကား စားချင်၊ လှချင်၊ ကြွားချင်ဟူ၍ ဖြစ်ကာ ၎င်းတို့ကို ဆင်ခြင်ထိန်းချုပ်နိုင်လျှင် အကျိုးများနိုင်ပေသည်။

ပထမဆင်ခြင်ရမည့်အချက်ကား ဈေးကြီးလွန်းသော အစားအစာများကို ဆန္ဒဦးစားပေးပြီး 'စားချင်'ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများကို 'စားချင်'ခြင်းမှ ဆင်ခြင်ကြရန်ဖြစ်သည်။ ယနေ့ခေတ်တွင် ဆန်းပြားသော အစားအသောက်များက စားသုံးသူများအား ဆွဲဆောင်နေကြ၏။ ကြော်ငြာအားကောင်း၍လည်း စားသုံးသူတို့ စွဲမက်ကြသည်။

ဒုတိယအချက်ကား ဈေးကြီးအဝတ်အစားများ ဝယ်ယူဝတ်ဆင်ခြင်းမှ ဆင်ခြင်ကြရန်ဖြစ်သည်။ နောက်ဆုံးပေါ်အဝတ်အစား လှလှလေးများ၊ ဖိနပ်လှလှလေးများသည် ဆယ်ကျော်သက် မိန်းကလေးများအား အမြဲတမ်းဖမ်းစားလေ့ရှိ၏။ ထို့ပြင်မက နောက်ဆုံးပေါ် လူ့အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများကလည်း စိတ်ဝင်စားစရာကောင်း၏။ အိတ်ထဲက ပိုက်ဆံမထွက် ထွက်အောင်ဖိတ်ခေါ်နေ၏။ ထို့ကြောင့် 'ဝတ်ချင်'သည့်စိတ်ကိုလည်း ဆင်ခြင်သင့်ပေသည်။

တတိယအချက်သည်ကား ကြွားဝါချင်စိတ်ဖြစ်သည်။ ကြွားဝါစရာ လူ့အသုံးအဆောင်အမျိုးမျိုးတို့သည် ဈေးကွက်များတွင် တစ်နေ့တခြားများပြားလာ၏။ နေ့စဉ်လူသုံးကုန်ပစ္စည်းမှအစ အဖိုးတန်လက်ဝတ်ရတနာများအဆုံးဖြစ်သည်။ ဝယ်ချင်စရာ၊ ယူချင်စရာများပေါ၏။ စိတ်မထိန်းနိုင်ဘဲ စတိုးဆိုင်နှင့် မီနီမားကတ်တွေထဲ ဝင်မိလို့ကတော့ ပါလာသည့်ပိုက်ဆံ ပြောင်ဖို့သာရှိသည်။

သို့ပါ၍ ကြီးပွားတိုးတက်လိုသူများအနေဖြင့် အထက်ဖော်ပြပါ ချင်သုံးချင်ကို ဆင်ခြင်ထိန်းချုပ်သင့်ပေသည်။ ထိုသို့ ဆို၍ ရယ်စရာ၊ လှောင်စရာဖြစ်ကောင်းဖြစ်ပေမည်။ သို့သော် ယနေ့ကြီးပွားချမ်းသာနေသော နိုင်ငံကြီးများသည် တစ်ချိန်က ခြိုးခြိုးခြံခြံ နေထိုင်စားသောက်ခဲ့ကြရသည်။ ထိုနိုင်ငံများ ခြိုးခြံချွေတာပြီး ကြိုးစားအလုပ်လုပ်ကြသဖြင့် ယနေ့ကမ္ဘာတွင် ချမ်းသာသောနိုင်ငံများအဖြစ်သို့ ရောက်ရှိနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ကြီးပွားတိုးတက်လိုသူတိုင်း 'ချင်သုံးချင်'ကို ဆင်ခြင်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

စာမျက်နှာ ၂၄မှ

အတွက် စဉ်းစားသင့် ဆောင်ရွက်သင့်သောလုပ်ငန်းလည်းဖြစ်ပါကြောင်း၊ မူလဝန်ထမ်းအတွက် လမ်းပိတ်ထားသည့် ပုံစံမျိုးမဖြစ်စေရန်လည်း စဉ်းစားဆောင်ရွက်သင့်ပါကြောင်း။

ပြည်တွင်း လုပ်ငန်းရှင်များနှင့် ပတ်သက်၍ နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ပေးသင့်၊ မပေးသင့် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘဏ်လုပ်ငန်းလုပ်ကိုင်သူက မိမိတို့နိုင်ငံနှင့်ပတ်သက်၍ နောက်ပြန်သွားမည်လား၊ ရှေ့တိုးမည်လား သံသယရှိနေချိန်တွင် ဖက်စပ်လုပ်မှ ခွင့်ပြုမည်ဆိုပါက တချို့ပြန်လှည့်သွားနိုင်ကြောင်း၊ တချို့ကလည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများအားလုံးကို ပြန်ထုတ်သွားခြင်းအားဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ နစ်နာနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေကိုင်ဆောင်မှုနှင့် ပတ်သက်၍ မလိုအပ်သော ထိန်းချုပ်မှုများကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ဝေဖန်ခံနိုင်မှ အမှန်ကိုမြင်ရမည်ဖြစ်၍ ဝေဖန်ခံနိုင်ရန်လည်း လိုအပ်ပါကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းပိုင်းတွင် တစ်နှစ်ကျော်ခဲ့သော်လည်း အကောင်အထည်မဖော်နိုင်သည်များ ရှိပါကြောင်း၊ လုပ်နိုင်သည် မလုပ်နိုင်သည်ကို ရှင်းရှင်းလင်းလင်းဖြစ်ရန် လိုအပ်ပါကြောင်း၊ အချို့က ပြောင်းလဲပြီဆိုသော်လည်း အမှန်တကယ်လုပ်ကိုင်သည့်အခါ အကန့်အသတ်များစွာ ရှိနေသည်ကို တွေ့ရပါကြောင်း၊ ဤသည်များကိုလည်း ပြုပြင်ပြောင်းလဲရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးများတွင် စီမံကိန်းများ၊ စီမံချက်များ၊ အားနည်းချက်၊ အားသာချက်များကို ဆောင်ရွက်ကြမည်၊ ပြုပြင်ကြမည်ဟုပြောသည်မှာ ခေါက်ရိုးကျိုးနေပြီဖြစ်ပါကြောင်း၊ အားနည်းချက်များကို သိသော်လည်း မပြင်ရဲဘဲဖြစ်နေကြကြောင်း၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ကို မူတည်ဆောင်ရွက်ကြသော်လည်း မိမိတို့အစိုးရဌာနဝန်ထမ်းများမှာမူ ကိုယ်ကျိုးစွန့်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီး ဌာန ပြည် ထောင် စု ဝန် ကြီး ဦး ခင် မောင် စိုး တင်ပြစဉ်။ (သတင်းစဉ်)

ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ရှိပါက လွှတ်တော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ဝန်ကြီးဌာနအားဖြင့်ဖြစ်စေ၊ အစိုးရအနေဖြင့်ဖြစ်စေ၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာဖြင့်ဖြစ်စေ ပြောင်းလဲနိုင်ပါကလည်း ပြောင်းလဲရန်မခက်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာဖြင့် ပြောင်းလဲနိုင်သည့်ကိစ္စများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဆောင်ရွက်နိုင်ပါကြောင်း၊ အချိတ်အဆက်မမိသည်များလည်းရှိနေသေးပါကြောင်း၊ လက်အောက်တွင် လိုလားချက်များရှိနေသကဲ့သို့ မိမိတို့မှလည်း ပေးနိုင်သည်များရှိပါကြောင်း၊ လုပ်ပေးချင်သည်များ များစွာရှိသော်လည်း အချိတ်အဆက်မမိသည်များ ဖြစ်နိုင်သဖြင့် မကြာခဏတွေ့ဆုံကြလျှင် အဆင်ပြေသွားနိုင်ကြောင်း၊ ထို့သို့ တွေ့ဆုံခြင်းဖြင့် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် ဝန်ကြီးဌာနများ၏လုပ်ပိုင်ခွင့်များအရ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားနိုင်မည်ကို တွေ့ရပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ရာတွင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရာတွင် ဖြစ်စေ တက်ညီလက်ညီ လုပ်ဆောင်ကြမည်ဆိုပါက မူဝါဒထုတ်ပြန်ထားသည့် (၁၁ သမ ၅) ဆထက်တိုး၍ နှစ်ဆ၊ သုံးဆဖြစ်လာနိုင်ပါကြောင်း၊ တက်သည့်ကဏ္ဍရှိသကဲ့သို့ မတက်သည့်ကဏ္ဍအချို့လည်း ရှိနိုင်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားကဏ္ဍဆိုလျှင် တက်ရန်အလွန်ကောင်းသည့် ကဏ္ဍဖြစ်ပါကြောင်း၊ လာချင်သူများလည်း များစွာရှိနေကြောင်း၊ အကြီးစားဟိုတယ်များ လုပ်ဆောင်မည့်အစား သပ်သပ်ရပ်ရပ်ဖြင့် လုံခြုံစိတ်ချရသည့်၊ အဆင်ပြေချောမွေ့သည့်၊ ဈေးနှုန်းချိုသာသည့် ဟိုတယ်မျိုး မည်ကဲ့သို့လုပ်ဆောင်မည်ကို စဉ်းစားသင့်ပါကြောင်း၊ ထုထည်ကြီးမားသည့် အဆောက်အအုံများ တည်ဆောက်လုပ်ကိုင်မည့်အစား မိမိတို့၌ ရှိပြီးဖြစ်သည့် အဆောက်အအုံများဖြင့် လုပ်ကိုင်၍ ရနိုင်၊ မရနိုင် စဉ်းစားသင့်ပါကြောင်း၊ ငွေကြေးပြည့်စုံကြွယ်ဝသည့် ခရီးသွားများရှိသကဲ့သို့ ကျောပိုးအိတ်ဖြင့်သာ လာရောက်သည့် ခရီးသွားများရှိသည်ကိုလည်း တွက်ဆရန်လိုအပ်ပါကြောင်း၊ ယခင်က တစ်ခန်းလျှင် ဒေါ်လာ ၄၀ ခန့်ဖြင့် ခရီးသွားများ တည်းခိုနိုင်ရာမှ ယခုအခါ ဒေါ်လာ ၂၀၀၊ ၃၀၀ ဖြစ်နေသည်ကိုလည်း မီဒီယာများမှ သိရပါကြောင်း၊ လုံခြုံစိတ်ချပြီး သန့်ရှင်းသပ်ရပ်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ခရီးသွားများပြောစကားအရ သတင်းများ ပျံ့နှံ့သွားနိုင်သည်ကိုလည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဝန်ကြီးဌာနအားလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြုပြင်ပြောင်းလဲရန်ရှိသည်များ၊ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ရေတိုရေရှည်ချေးငွေများ၊ ငွေကြေးအကူအညီများနှင့် စပ်လျဉ်း၍ သပ်သပ်ရပ်ရပ်ဖြင့် တိကျခိုင်မာသည့် ဥပဒေများ အမြန်အကောင်အထည်ဖော်နိုင်ပါက မိမိတို့နိုင်ငံအနေဖြင့် များစွာအလားအလာကောင်းများ ရှိလာနိုင်ပါကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားရေးတာဝန် . . . ကျေပွန်ကြရအောင်

သတင်းမှတ်စု–နိုင်ဇော်

နေပြည်တော် မေ ၁၃

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်တို့ကို ဖွဲ့စည်းကာ လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယင်းနှင့်စပ်လျဉ်းသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ (၂/၂၀၁၂) အစည်းအဝေးကို မေ ၉ ရက်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဇမ္ဗူသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတက "နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်ရာ၌ ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်များ မည်မျှရှိသည်ဆိုသည့်အချက်က အလွန်အရေးပါကြောင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်သာမက ဆောင်ရွက်ပြီးစီးသော စီမံကိန်းရလဒ်များကို အကဲဖြတ်ရန်၊ စိစစ်ရန်၊ လူဦးရေ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများ အစီအစဉ်များရေးဆွဲချမှတ်နိုင်ရန်နှင့် နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ကာလအတွက် အဓိကလိုအပ်သော အချက်အလက်များဖြစ်သည့်အတွက် ပြည်လုံးကျွတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း"၊

"၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်၏ **အမျိုးသားရေးတာဝန်** တစ်ရပ်ဖြစ်သည့်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ဦးဆောင်ရွက်ပြီး ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှု၊ ပတ်သက်ဆက်စပ်နေသည့်ဌာနဆိုင်ရာဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ ကြိုးပမ်းအားထုတ်မှု စသည်တို့ကိုအရင်းခံပြီး ဤလုပ်ငန်းကြီးကို သမိုင်းဝင်အမျိုးသားရေးတာဝန်အဖြစ် ဝန်ကြီးဌာနအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန်"ဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူခြင်းကို လွတ်လပ်ရေးရပြီး ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာအုပ်စု ၂၀၄၃ ခုနှင့် ကချင်ပြည်နယ်၌ ကျေးရွာအုပ်စု ၁၀၀၆ ခုတို့တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့သည်။

ယခုအကြိမ်ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းသည် ယခင် နောက်ဆုံးကောက်ယူခဲ့သည့်မှ ရေတွက်သော် နှစ်ပေါင်း ၃၀ ကျော်ကြာပြီးမှ ထပ်မံကောက်ယူသည့်လုပ်ငန်းဖြစ်သည်။ ခေတ်ကာလအခြေအနေနှင့်အတူ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သည်ဖြစ်ရာ လုပ်ငန်းစဉ်အားလုံး အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး နိုင်ရာ၊ စွမ်းရာကဏ္ဍမှ ပါဝင်ကြရန် အထူးလိုအပ်လှပေသည်။

၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်း၏ရည်ရွယ်ချက်မှာ . . .

- နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်မာသည့် အခြေခံစာရင်းအင်းများရရှိရန်၊
- နောင်လာမည့်နှစ်များအတွက် စီမံကိန်းများရေးဆွဲရာတွင် ပိုမိုတိကျမှုရှိသော ခိုင်မာသည့် ခန့်မှန်းလူဦးရေများ ထွက်ချက်ပေးနိုင်ရန်၊
- မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှုအခြေအနေများခန့်မှန်းနိုင်ရန်နှင့် အခြားလူဦးရေဆိုင်ရာသုတေသနလုပ်ငန်းများ ပြုလုပ်နိုင်စေရန်၊
- လူမှုရေး စီးပွားရေးနှင့် အခြားနမူနာကောက် စစ်တမ်းများအတွက် အခြေခံစာရင်းများရရှိစေရန်၊
- တိုင်းရင်းသားမျိုးနွယ်စုများနှင့်ပတ်သက်သည့် မျိုးနွယ်စုများ၏အမည်/အခေါ်အဝေါ်များကို မှန်မှန်ကန်ကန်ပြုစုနိုင်ရန်၊ ၎င်းတို့၏ နေထိုင်ရာဒေသ တည်ရှိမှုများကို မှန်မှန်ကန်ကန် ဆန်းစစ်နိုင်ရန်နှင့်
- နိုင်ငံတော်၏လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချုပ်ကို ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည်နှင့်အညီ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့ပြည်သူများအနေဖြင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၏ မေးမြန်းမှု၊ လိုအပ်သည့် ပုံစံဖြည့်စွက်ရေးအစရှိသည့် အသိစိတ်ဓာတ်ဖြင့် ရှိရှိသမျှ မှန်မှန်ကန်ကန်ဖြေဆိုပေးခြင်း၊ ဖြေကြားဖြည့်စွက်ပေးခြင်း လိုအပ်သလို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် **"အမျိုးသားရေးတာဝန် . . . ကျေပွန်ကြရအောင်"** ဟု ဆန္ဒပြုတိုက်တွန်းရေးသားအပ်ပါသည်။ ။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာမှ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သစ်လင်းအုန်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်မြင့်၊ ရေတပ်ဗိုလ်ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့်တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်စန်းမြင့်၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်လင်းဒွေးနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မြန်မာပြည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စု ထိပ်နိုက်ကျေးရွာ တောင်သူ ဦးနိုင်ဝင်း၏ ကွင်းအမှတ် ၁၁၇၁၅၊ ဦးပိုင်အမှတ်-၉၅ စိုက်ပျိုးထားသော သိပ္ပံနည်းကျတောင်သူပညာပေး နွေစပါးအထူးအထွက်တိုး ပုလဲသွယ်စပါးခင်းပြကွက်ကို မေ ၁၀ ရက်က အလေအလွင့်နည်းပါးစေရန် ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းစဉ်။ (မြန်မာ့အလင်း)

နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသောစပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီးကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု သက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကိုကျင့်သုံး၍ နီးစပ်ရာကန်မြင့်နေရာ ရွှေ့ချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအား စုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာစက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန်အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်စောင်းရပ်ထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာတစ်ခုပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့်လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်။ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ဂျပန်နိုင်ငံ ဖူကူယာမမြို့၌ ဟိုတယ်မီးလောင် ခုနစ်ဦးသေဆုံး၊ ဒဏ်ရာအများအပြားရရှိ

တိုကျို မေ ၁၃

ဂျပန်နိုင်ငံ ဖူကူယာမမြို့တွင် မေ ၁၃ ရက်က ဟိုတယ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း တိုကျိုမြို့ရဲတပ်ဖွဲ့နှင့် မီးသတ်ဌာနမှ ပြောကြားသည်။

ဖြစ်ပွားမှုမှာ တိုကျိုမြို့အနောက်ဘက် ၃၇၃ မိုင် ကွာဝေးသော ဖူကူယာမမြို့ရှိ ဟိုတယ်တစ်လုံးတွင် လျှပ်စစ်ကြိုးမှတစ်ဆင့် ရှော့ခ်ဖြစ်ပြီး မီးလောင်သွားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ငြိမ်းသတ်နိုင်ခဲ့

မီးလောင်ရာသို့ ဖူကူယာမမြို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်သမားများနှင့် မီးသတ်ယာဉ်များရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့မှုကြောင့် ဟိုတယ်ပျက်စီးဆုံးရှုံးမှုမဆိုးရွားဘဲ မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဟိုတယ်မီးလောင်မှုကြောင့် သေဆုံးသူများမှာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦးတို့ဖြစ်သည်။ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့ပေးထားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဟိုတယ်အတွင်း သေဆုံးသူများထပ်ပြီး ရှိ မရှိ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

ဂရိနိုင်ငံ ခရီတီကျွန်းပေါ်၌တွေ့ရှိရသည့်အရိုးစု အမွေးရှည်ပြီး အလွန်သေးငယ်သည့် ဆင်မျိုးဖြစ်

အေသင် မေ ၁၃

ဂရိနိုင်ငံ ခရီတီကျွန်းပေါ်မှ တွေ့ရှိခဲ့သည့် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက ကျင်လည်ကျက်စားခဲ့သော ဆင်တစ်ကောင်၏အရိုးစုမှာ အလွန်သေးငယ်သည့် အမွေးရှည်ဆင်မျိုးတစ်ကောင်၏အရိုးစုဖြစ်သည်ဟု ဂရိသုတေသနပညာရှင်များက စစ်ဆေးတွေ့ရှိခဲ့ကြောင်း မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ အမွေးရှည်ဆင်မျိုးစိတ်မှာ အရွယ်ရောက်ပြီးချိန်၌ပင် ယခုခေတ်ဆင်များမှ မွေးဖွားစ ဆင်ပေါက်ကလေးတစ်ကောင်၏ အရွယ်ပမာဏခန့်သာ ရှိသည်။ ယခုတွေ့ရှိရသော အရိုးစုမှာလည်း ထောင်ထားလျှင် အမြင့်သုံးပေခန့်သာရှိကြောင်း တွေ့ရသည်။

သုတေသနပညာရှင်များက အဆိုပါဆင်၏သွားများကို **(အပေါ်ပုံ)** အနုစိတ်စစ်ဆေးကြည့်ခဲ့ရာမှ အမွေးရှည်ပြီး အလွန်သေးငယ်သော ဆင်အမျိုးအစားဖြစ်ကြောင်း အတည်ပြုခဲ့သည်။ အဆိုပါ ဆင်အရိုးစုကို လွန်ခဲ့သည့် ၁၉၀၄ခုနှစ်က ခရီတီကျွန်းပေါ် လေ့လာရေးထွက်ခဲ့သော ပညာရှင် ဒိုရိုသီရာဘက်က တွေ့ရှိစုဆောင်းထားခဲ့ခြင်းဖြစ်သည်။

ထို့နောက် အင်္ဂလန်နိုင်ငံ သဘာဝသမိုင်းပြတိုက်သို့ပေးပို့သိမ်းဆည်းထားရာမှ ရှေးဟောင်းသုတေသနပညာရှင် ဟာရစ်ဂီနှင့် အက်ဒရင်လီစကာတို့က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်အလယ်ပိုင်း၌ တံတားတစ်စင်းပြိုကျ

ချန်ရှာ မေ ၁၃

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မေ ၁၃ရက်က တံတားတစ်စင်းပြိုကျခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်မှုတို့ကြောင့် ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါတံတားမှာ ဟူနန်ပြည်နယ် ပင်ကျန်းစီရင်စုအတွင်းရှိပြီး မြို့နှစ်မြို့ကို ဆက်သွယ်ပေးထားသော တံတားဖြစ်သည်။ တံတားပြိုကျမှုမှာ ယင်းနေ့နံနက် ၈နာရီ မိနစ် ၃၀ခန့်ကဖြစ်သည်။

စစ်ဆေး

တံတားပြိုကျစဉ် တံတားပေါ်မှ ဖြတ်သန်းသွားလာနေသော လူအချို့ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်နိုင်သော်လည်း ယင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။ ဒဏ်ရာရရှိသူအချို့ကို ဆေးဝါးကုသရန်ဆေးရုံသို့တင်ပို့ပေးထားသည်။ တရုတ်နိုင်ငံပြည်နယ်အချို့တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်မှုနှင့် မုန်တိုင်းများ တိုက်ခတ်မှုကြောင့် အိမ် ၃၅၀၀ကျော်ရေလွှမ်းမိုးပြီး ဒေသခံ ၂၈၈၈၀ ခန့်မှာ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းထားရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ

ဆီးရီးယား ဒုက္ခသည် ၁၉၀၀၀ခန့် တူရကီမှ နေရပ်သို့ပြန်ပြီ

ဒမတ်စကတ် မေ ၁၃

အိမ်နီးချင်း တူရကီနိုင်ငံသို့ထွက်ပြေးခဲ့ကြသည့် ဆီးရီးယားဒုက္ခသည် ၁၉၀၀၀ ခန့်တို့ ယခုအခါနေရပ်သို့ ပြန်သွားကြပြီဖြစ်ကြောင်း တူရကီအစိုးရက ကြေညာသည်။

ကြေညာ

တူရကီဒုက္ခသည်စခန်းများတွင်ယခုအခါ ဆီးရီးယားဒုက္ခသည် ၂၂၆၃၂ ဦးသာ နေထိုင်ကြောင်း၊ ၂၀၁၁ ခုနှစ် မတ်လလယ်တွင် ဆီးရီးယား၌ ဆူပူမှုများစတင်ဖြစ်ပွားကတည်းက တူရကီသို့ထွက်ပြေးလာသူ ၄၁၀၀၀ အထိရှိခဲ့ရာမှ ၂၂၆၃၂ ဦးသာ ကျန်တော့ကြောင်း တူရကီနိုင်ငံက ကြေညာသည်။

ဆီးရီးယားဒုက္ခသည် ၁၀၀၀ကျော်မှာ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းတွင်မှ တူရကီနိုင်ငံမှထွက်ခွာသွားခြင်းဖြစ်သည်ဟုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။ **(ဝဲပုံ) (အင်တာနက်)**

ဗြိတိန်မြို့တစ်မြို့ လုံခြုံရေး သတိပေးထား

လန်ဒန် မေ ၁၃

ဗြိတိန်နိုင်ငံ ဂလောက်စက်စတာမြို့မှ မသင်္ကာဖွယ်ပုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ထိုနေရာမှ လူနေအိမ် ၅၀ရှိ ပြည်သူများကို အခြားသို့ ခေတ္တပြောင်းရွှေ့စေပြီး အနီးအနားလမ်းများကို ပိတ်ပြီးနောက် ရဲတပ်ဖွဲ့က ထိုဒေသကို လုံခြုံရေးသတိပေးတားမြစ်နယ်မြေအဖြစ် ဆက်လက်သတ်မှတ်ထားသည်။

ပြောင်းရွှေ့

လူနေအိမ်တစ်လုံး၏ ကားဂိုဒေါင်အတွင်းမှ မသင်္ကာဖွယ် ဖောက်ခွဲရေးပစ္စည်းများတွေ့ပြီးနောက် အနီးအနားရှိ ပြည်သူများကို ၄င်းတို့၏နေအိမ် ၅၀ မှ မေ ၁၁ ရက်တွင် ခေတ္တပြောင်းရွှေ့ခိုင်းခဲ့သည်။

မသင်္ကာဖွယ် လူနှစ်ဦးကိုလည်း ရဲကဖမ်းဆီးခဲ့သည်။ ဖောက်ခွဲပစ္စည်းရှင်းလင်းရေး စနက်ဖြုတ်အဖွဲ့ကို ထိုနေရာသို့ စေလွှတ်ခဲ့သော်လည်း စနက်တံမဖြုတ်နိုင်သေးကြောင်း သိရသည်။ **(အင်တာနက်)**

ဒေသတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဗဟိုဖြစ်ရေး အီရန်ကြိုးပမ်းလျက်ရှိ

တီဟီရန် မေ ၁၃

အီရန်အစိုးရက အီရန်နိုင်ငံကို ဒေသတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ဗဟိုဌာနအဖြစ်ပြောင်းလဲပစ်ရန် စီစဉ်နေကြောင်း အီရန်စွမ်းအင်ဝန်ကြီးမဂျစ်နမ်ဂျူးက ပြောကြားသည်။

ကြိုးပမ်း

လျှပ်စစ်ဓာတ်အား၊ စွမ်းအင်တို့နှင့်ပတ်သက်၍ နိုင်ငံပြင်ပဖွံ့ဖြိုးရေးစီမံကိန်းများကို အစိုးရကချမှတ်ပြီး ဒေသတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဗဟိုဌာနအဖြစ် ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိကြောင်း ၄င်းက မေ ၁၂ရက်တွင်ပြောကြားသည်။

ပြောကြား

အီရန်၊ တူရကီ၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အပါအဝင် အခြားနိုင်ငံများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် အီရန်ကစီစဉ်နေကြောင်း ၄င်းကထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

အီရန်နိုင်ငံမြောက်ပိုင်းရှိ ဆန်နန်ဒက်ချ်လျှပ်စစ်ဓာတ်အားစက်ရုံ။

နိုင်ငံတကာသတင်းအတိုအထွာ ၁၃-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

မိသားစုတစ်စုတည်းဖြင့် ၆၃နှစ်ကြာနေထိုင်ခဲ့သည့်လိပ် အခိုးခံရ

ဗြိတိန်နိုင်ငံတွင် သက်တမ်းအရှည်ဆုံး အိမ်မွေးတိရစ္ဆာန်ဖြစ်သည့် တင်မီ (Timmy) အမည်ရှိ ချစ်စဖွယ်ကုန်းလိပ်ကလေးတစ်ကောင်သည် ပိုင်ရှင်မိသားစုတစ်စုနှင့်အတူ ပျော်ရွှင်စွာဖြင့် နှစ်ပေါင်း ၆၃ နှစ်ကြာရှင်သန်နေထိုင်ခဲ့ပြီးနောက် ခိုးယူခြင်းခံခဲ့ရကြောင်း မေ ၁၂ ရက်တွင် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

*ရက်စ်ကိုစီလာအမည်ရှိ အသက် ၇၄ နှစ်အရွယ်ရှိပြီဖြစ်သည့် အမျိုးသားကြီးတစ်ဦး**(ယာပုံ)**သည် အဆိုပါ ချစ်စဖွယ် ကောင်းသည့်လိပ်ကလေးကို သူ့အသက် ၁၁နှစ်အရွယ် ကျောင်းသားဘဝတွင်အခြားသူတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက သူ၏အဖော်အနေဖြင့် တန်ဖိုးထားခဲ့သည်ဟု ဆိုသည်။ ရက်စ်နှင့်သူ၏ဇနီး ဂျိမ်းတို့သည် စကော့တလန်နိုင်ငံသို့ ခဏတာ အပန်းဖြေခရီးထွက်သွားစဉ် တင်မီကို ၎င်းတို့၏ နောက်ဖေး ပန်းခြံထဲတွင်ထားခဲ့ကြောင်း၊ ၎င်းတို့ ဇနီးမောင်နှံ ပြန်ရောက်လာချိန်တွင် လိပ်ကလေးခိုးယူခံရသည်ကို တွေ့ရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ ရက်စ်နှင့်ဂျိမ်းတို့ ထွက်ခွာသွားပြီးနောက် အချိန်တိုအတွင်းမှာ ၎င်းတို့၏အိမ်အပြင်ဘက်၌ ကားငယ်တစ်စီးကို တွေ့မြင်ခဲ့ရကြောင်း၊ လူတစ်ဦးမှာ ပန်းခြံအတွင်း လိုက်ကြည့်နေပြီး အသက် ၉၃ နှစ်အရွယ်ရှိ ယင်းလိပ်အား ခိုးယူသွားသည်ဟု ယူဆရကြောင်း အနီးဝန်းကျင်နေထိုင်သူများက ပြောကြားသည်။*

"ကျွန်တော်ကျောင်းသားဘဝတုံးက တင်မီဟာ အသက် ၁၁ နှစ်မြောက် မွေးနေ့မှာ တင်မီကလေးကိုလက်ဆောင်ရခဲ့တာပါ။ အဲဒီအချိန်ကတည်းက တင်မီဟာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းဖြစ်ခဲ့တာပါပဲ"ဟု အက်ဆက်နယ် ဒန်မော်မြို့တွင် နေထိုင်သည့် မြေးခုနစ်ယောက်၏အဘိုးဖြစ်သူ လိပ်ပိုင်ရှင် ရက်စ်ကိုစီတာက ပြောကြားခဲ့သည်။ *(အင်တာနက်)*

ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်း၌ ဘိန်းဖြူများသိမ်းဆည်းရမိ

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့ဆိပ်ကမ်းမှ ဘိန်းဖြူစုစုပေါင်း ၁၂၅ ကီလိုဂရမ်ကို အဆိုပါဆိပ်ကမ်းအရာရှိများ သိမ်းဆည်းရမိခဲ့ကြောင်း ဒေသတွင်းအေပီပီ သတင်းဌာနက မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဘိန်းဖြူမှုန့်များကို မေ ၉ ရက်က ပါကစ္စတန်အပြည်ပြည်ဆိုင်ရာကွန်တိန်နာဂိတ်တွင် မလေးရှားနိုင်ငံသို့ တင်ပို့ရန်အတွက် ပေ ၄၀ ရှိ ရေခဲရိုက်ကွန်တိန်နာတစ်ခု၌ ကြက်သွန်နီဥများ သိပ်ထည့်ထားသည့် အိပ် ၅၄၀၀ အတွင်း ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။ *(အင်တာနက်)*

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ဒီမိုကရေစီပြစ်များခံရာ ဂရိနိုင်ငံ အစိုးရဖွဲ့ရေးအကျပ်တွေ့နေ

တိုး - ရေးသားသည်

ယူရိုဇုန်အကျပ်အတည်းကို ကမ္ဘာက မျက်စိဒေါက်ထောက်ကြည့်နေခြင်းသည် ယခုမှမဟုတ်။ ပြီးခဲ့သည့်နှစ်ကပင် အာရပ်နွေဦး လှုပ်ရှားမှု၊ ဂျပန်နိုင်ငံ ဆူနာမီနှင့် အိုစမာဘင်လာဒင် အသေဖမ်းဆီးမှုတို့နှင့်အတူ စိတ်ဝင်စားနေခြင်းဖြစ်သည်။ ဤနှစ်တွင်လည်း ယူရိုဇုန်ဘာဖြစ်မလဲ၊ ဘယ်လိုအကျပ်အတည်း ထပ်တွေ့ဦးမလဲဆိုသည်ကို စောင့်ကြည့်အကဲခတ်နေကြသူများစွာရှိသည်။

ပြင်သစ် ရွေးကောက်ပွဲနှင့် ဂရိ ရွေးကောက်ပွဲအပြီးတွင် ယူရိုငွေတန်ဖိုး ကျဆင်းသွားသည်။ ထိုနှစ်နိုင်ငံ ရွေးကောက်ပွဲများတွင် အာဏာရပါတီများကို ပြည်သူတို့ မနှစ်သက်သဖြင့် ကျောခိုင်းသွားကြောင်း ရွေးကောက်ပွဲ

ညွန့်ပေါင်းအစိုးရဖွဲ့ရေး သမ္မတကာရိုလော့စ်ပါပူလီယပ် (ယာ)က ဆိုရှယ်လစ်ပါဆော့ပါတီခေါင်းဆောင် အီဗန်ဂဲကေစ်ဗီနီဇီးလော့ (ဝဲ) အား တာဝန်ပေးသည်။

ရလဒ်များက ပြခဲ့သည်။ ပြင်သစ်သမ္မတ ဆာကိုဇီက ဆိုရှယ်လစ်ခေါင်းဆောင် မစ္စတာဟော်လန်ဒီကို အရှုံးပေးလိုက်ရသကဲ့သို့ ဂရိရွေးကောက်ပွဲတွင်လည်း ခုနစ်ပါတီအနိုင်ရသည်ဆိုသော်လည်း ဘယ်ပါတီမှ အစိုးရဖွဲ့နိုင်လောက်အောင် ထောက်ခံမဲမရရှိပေ။

ခြိုးခြံချွေတာရေး အစီအစဉ်အရ အခွန်တိုးကောက်ခံခြင်း၊ လစာနှင့် ပင်စင်လစာပါ ဖြတ်တောက်ခြင်းတို့ကိုပြည်သူတို့ အထူးဘဝင်မကျသည့်အတွက်လည်း ဒီမိုကရေစီအရ ဂရိပြည်သူတို့က ရွေးကောက်ပွဲတွင် ခြိုးခြံချွေတာရေးအား တွန်းအားပေးခဲ့ကြသည့် ပါတီကြီးများကို ထောက်ခံမဲမပေးဘဲထားခြင်း ဖြစ်သည်။

ညှိနှိုင်းချမှတ်

ဥရောပသမဂ္ဂ (အီးယူ)တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံပါဝင်ပြီး ၁၇ နိုင်ငံက ယူရိုဇုန်အဖြစ် ရပ်တည်ကာ ကျန် ၁၀ နိုင်ငံမှာ ယူရိုဇုန်ပြင်ပတွင် ရှိသည်။ ဘတ်ဂျက်မူဝါဒများကို ညှိနှိုင်းချမှတ်မည်၊ ချီးဖောက်သည့် နိုင်ငံများကို ထိရောက်စွာအရေးယူမည်ဟူသော အမြင်ဖြင့် ဘဏ္ဍာရေးသဘောတူညီချက်ဖြစ်သည့် သမိုင်းဝင်စာချုပ်ကို အီးယူ ၂၅ နိုင်ငံက လက်မှတ်ရေးထိုးထားသည်။ ယင်းစာချုပ်တွင် လက်မှတ်မထိုးသည့် အီးယူနိုင်ငံဆိုလို့ ချက်သမ္မတနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သာ ရှိသည်။

ကြွေးမြီတင်၍ အသုံးစရိတ်များ လျှော့ချဖြတ်တောက်ရသောအခါ မကျေနပ်၍ ယူရိုဇုန်နိုင်ငံများမှ ထအော်သည့် ပြည်သူတို့၏အသံမှာ မိုးဦးကျကာလ ဖားအော်သံများကဲ့သို့ဟိုနားက စီစီညံ၊ ဒီနားက စီစီညံခဲ့သည်။

ယခုတော့ ဒီမိုကရေစီဟူသော ဝေါဟာရနှင့်မြို့ပြလူ့ဘောင်၏ စည်းမျဉ်းစည်းကမ်းအချို့ကို သန္ဓေတည်အစပျိုးပေးခဲ့သည့် ဂရိနိုင်ငံပြည်သူတို့က မေ ၆ရက် (တနင်္ဂနွေနေ့) ရွေးကောက်ပွဲတွင် ခြိုးခြံချွေတာရေးအစီအစဉ်ကို မလိုလားကြောင်း ပြသခဲ့ခြင်းဖြစ်သည်။

မလွဲမသွေလုပ်

ယူရိုဇုန်၏ ကြွေးမြီဗဟိုချက်မှာ ဂရိနိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် အီးယူနှင့်နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)တို့က ငွေအမြောက်အမြား ထုတ်ချေးထားသည်။ ထိုကြွေးမြီများ ပြန်ဆပ်ရန်အတွက် ခြိုးခြံချွေတာရန်မှာလည်း မလွဲမသွေလုပ်ရမည့် အလုပ်ဖြစ်သည်။ အကြွေးဆပ်ရန်အတွက်အစိုးရ အမြန်ဖွဲ့ရန် လိုအပ်သည်။

တာဝန်ပေး

တင်ရှိသည့် ကြွေးမြီများပြန်ဆပ်ရေး၊ ခြိုးခြံချွေတာရေးမူများ ဆက်လက်ကျင့်သုံးရေးတို့ကို မဆိုထားဘဲ ယခုအခါ အစိုးရအဖွဲ့ ဖွဲ့စည်းဖို့ပင် ရှေ့မတိုး နောက်မဆုတ်ဘဲ လိပ်ခဲတည်းလည်း ဖြစ်နေသည်။ရွေးကောက်ပွဲအပြီးတွင် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သမ္မတ ကာရိုလော့စ်ပါပူလီယပ်က လက်ဝဲဆိုက်ရီဇာပါတီခေါင်းဆောင် အလက်ဇီဆီပရပ်အား

အစိုးရ ဖွဲ့စည်းရေးကိုပင် အကျပ်တွေ့နေသည့် ဒီမိုကရေစီစနစ် သန္ဓေတည်မွေးဖွားပေးရာ ဘူမိနက်သန် ဂရိနိုင်ငံ၏ ပါလီမန် အစည်းအဝေးတစ်ရပ် ကျင်းပစဉ်။

တာဝန်ပေးသည်။ မအောင်မြင်။ ထို့နောက်သမ္မတက ပါတီကြီးတစ်ရပ်ဖြစ်သော လက်ယာနယူးဒီမိုကရေစီပါတီ၏ ခေါင်းဆောင် အင်တိုနီယိုဆာမာရပ်အား အစိုးရဖွဲ့ရေးတာဝန်ပေးသည်။အလားတူ မအောင်မြင်ခဲ့။ နောက်ဆုံး နောက်ပါတီကြီး တစ်ခုဖြစ်သည့် ဆိုရှယ်လစ်ပါဆော့ပါတီ ခေါင်းဆောင် အီဗန်ဂဲကေစ်ဗီနီဇီးလော့အား အစိုးရဖွဲ့ရေးတာဝန်ပေးသည်။

မဖွဲ့စည်းနိုင်

ဆိုရှယ်လစ်ပါဆော့ပါတီခေါင်းဆောင် အီဗန်ဂဲကေစ်ဗီနီဇီးလော့သည် လက်ယာနယူးဒီမိုကရေစီပါတီခေါင်းဆောင် အင်တိုနီယိုဆာမာရပ်နှင့် လက်ဝဲဆိုက်ရီဇာပါတီခေါင်းဆောင် အလက်ဇီဆီပရပ်တို့နှင့် ညှိနှိုင်းသော်လည်း မေ ၁၁ ရက်အထိ မအောင်မြင်ပေ။ ထို့ကြောင့် သူသည် ဂရိနိုင်ငံသမ္မတ ကာရိုလော့စ်ပါပူလီယပ်ကို တွေ့ဆုံပြီး ညွန့်ပေါင်းအစိုးရမဖွဲ့စည်းနိုင်ကြောင်း တင်ပြရမည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်

ထိုအခါတွင် သမ္မတက နိုင်ငံရေးပါတီခေါင်းဆောင်များကို ခေါ်ယူပြီး အမျိုးသား ညီညွတ်ရေးအစိုးရဖွဲ့စည်းရန် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်သည်။ သမ္မတကြီးကိုယ်တိုင် ညှိနှိုင်းဆောင်ရွက်ပေးသော်လည်း အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကို ၂၀၁၂ ခုနှစ် မေ ၁၇ရက်တွင် အချိန်မီဖွဲ့စည်း မပေးနိုင်လျှင်မူ ဂရိရွေးကောက်ပွဲများ ပြန်လည်ခေါ်ယူ ကျင်းပပေးရမည်ဖြစ်သည်။ ဤသို့လျှင် ဒီမိုကရေစီကို စတင်သန္ဓေတည်မွေးဖွားပေးရာ ဘူမိနက်သန် နေရာမှန်ဖြစ်သည့် ဤဂရိနိုင်ငံ၌ အစိုးရဖွဲ့စည်းရေးကိုပင် အကျပ်အတည်းဖြင့် ရင်ဆိုင်နေရသည်မှာ မျက်မှောက်ကာလ တွေ့ကြုံရသည့် သာဓကတစ်ခုဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသားသည်

မိုးသည်းထန်ကာ လေပြင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူဦးရေ ၄၀ ခန့်ရှိလာပြီး ၁၈ ဦး ပျောက်ဆုံးနေ

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မိုးသည်းထန်ခြင်းနှင့် မိုးသက်မုန်တိုင်းများ ကျရောက်ခြင်းတို့ကြောင့် သေဆုံးသူဦးရေမှာ ၄၀ ခန့်ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပျောက်ဆုံးနေ

ဂန်ဆုပြည်နယ်အတွင်း မေ ၁၀ ရက်က တိုက်ခတ်ခဲ့သည့် လေပြင်းမုန်တိုင်းများကြောင့် ပျောက်ဆုံးနေသူဦးရေမှာ ၁၈ ဦး ရှိကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

အဆိုပါ လေပြင်းမုန်တိုင်းများ၏ ဘေးဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြည်သူဦးရေမှာ သုံးသိန်းခွဲကျော်ရှိပြီး ၎င်းတို့ထဲမှ ပြည်သူပေါင်း သုံးသောင်းကျော်ကို နေရပ်မှရွှေ့ပြောင်းနေရာချထားမှုများ ပြုလုပ်ပေးထားရကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြသည်။

ပိတ်ဆို့မှုဖြစ်

ထိုသဘာဝဘေးအတွင်း အိမ်ခြေများစွာ ပျက်စီးခဲ့ရပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းများစွာလည်း ပိတ်ဆို့မှုများဖြစ်နေကြောင်း၊ လယ်ယာစိုက်ပျိုးမြေများလည်း ပျက်စီးခဲ့ကြောင်း စီရင်စုတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (ဝဲပုံ)

မိုးဒဏ်လေဒဏ်ကျရောက်ခဲ့ရာ နယ်မြေများကို ဌာနဆိုင်ရာမှ တာဝန်ရှိသူ ၂၀၀၀ ခန့်နှင့် စစ်တပ်မှတပ်ဖွဲ့ဝင် ၈၀၀ ခန့်ကို ဖြန့်ကျက်စေလွှတ်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပူးတွဲစစ်ဆင်ရေးများဆင်နွှဲ ၂၄ နာရီအတွင်း တာလီဘန် ၁၈ ဦးကို ချေမှုန်းလိုက်နိုင်

ကဘူးလ် မေ ၁၃

အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သော မဟာမိတ်တပ်များ ပူးတွဲဆင်နွှဲခဲ့ကြသည့်စစ်ဆင်ရေးများတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း တာလီဘန် လက်နက်ကိုင် ၁၈ ဦးအား သုတ်သင်ချေမှုန်းနိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက မေ ၁၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

ချေမှုန်း

အာဖဂန်နစ္စတန် ရဲဝန်ထမ်းများ၊ အာဖဂန်နစ္စတန်စစ်တပ်နှင့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ၏ ပူးတွဲစစ်ဆင်ရေး (၁၁) ရပ်ကိုကာပီဆာ၊ တာ့ခ်ကဟာ၊ကန်ဒါဟာ၊ အုရုဂန်၊ လိုဂါ၊ ဂါဇာနီ၊ ခို့စ်နှင့် ပတ်တီကာပြည်နယ်များအတွင်း တပ်ဖြန့်ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး ထိုစစ်ဆင်ရေးများတွင် တာလီဘန် ၁၈ ဦးကို ချေမှုန်းလိုက်နိုင်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ၁၁ ဦး ဒဏ်ရာရကြောင်း၊ လက်ရဖမ်းဆီးနိုင်သူ လေးဦးရှိကြောင်း၊ လက်နက် ခဲယမ်းမီးကျောက်များစွာလည်း သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ ထိခိုက်သေဆုံးမှုသတင်းကို ဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိကြောင်း၊ ယခုစီးနင်းတိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး တာလီဘန်တို့ဘက်က ထင်မြင်ချက် တစ်စုံတစ်ရာ ပြောကြားခြင်း မရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အာဂျင်တီးနား၌ ကုန်တင်သင်္ဘောနှင့် ဆွဲသင်္ဘောတိုက်မိ ခုနစ်ဦးပျောက်ဆုံးနေ

ဇာရတ် မေ ၁၃

တောင်အမေရိကတွင် ဒုတိယအရှည်ဆုံးမြစ်ဖြစ်သည့် ပါရာနာမြစ်အတွင်း အာဂျင်တီးနားကုန်တင်သင်္ဘောတစ်စင်းနှင့် ပါရာဂွေးဆွဲသင်္ဘောတစ်စင်းတို့ တိုက်မှုဖြစ်ပွားခဲ့ရာတွင် အာဂျင်တီးနားကုန်တင်သင်္ဘော တိမ်းမှောက်သွားခဲ့ကြောင်း၊ ထိုသင်္ဘောတိုက်မိမှုအတွင်း လူခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အာဂျင်တီးနားတာဝန်ရှိသူများက မေ ၁၂ ရက်တွင် ပြောကြားသည်။

သင်္ဘောနှစ်စင်းတိုက်မိပြီးနောက် ကုန်တင်သင်္ဘောမှာ တိမ်းမှောက်သွားကာ လျင်မြန်စွာနစ်မြုပ်သွားခဲ့သည်။ ပျောက်ဆုံးနေသူ ခုနစ်ဦးကိုလည်း ရေငုပ်သမားများက လိုက်လံရှာဖွေနေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဖမ်းဆီးထိန်းသိမ်း

ပါရာဂွေးဆွဲသင်္ဘောကပ္ပတိန်နှင့် အမှုထမ်းနှစ်ဦးကို အာဂျင်တီးနားရဲဝန်ထမ်းများက စုံစမ်းမှုများပြုလုပ်ပြီးနောက် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ သင်္ဘောတိုက်မှုဖြစ်ပွားရသည်မှာ ပါရာဂွေးဆွဲသင်္ဘောက ရေလမ်းကြောင်းသွေဖည်ကာ အာဂျင်တီးနားကုန်တင်သင်္ဘောကို ဝင်တိုက်ခြင်းဖြစ်ကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

အဆိုပါ သင်္ဘောတိုက်မှုဖြစ်ပွားခဲ့သည်မှာ အာဂျင်တီးနားနိုင်ငံ ဇာရတ်မြို့အနီး မေ ၁၂ ရက် အစောပိုင်းကဖြစ်ပွားခြင်းဖြစ်ပြီး အာဂျင်တီးနား ကုန်တင်သင်္ဘောမှာ သဲများအပြည့်တင်ဆောင်လာချိန်၌ ဆွဲသင်္ဘောနှင့်တိုက်မိသဖြင့် တိမ်းမှောက်ကာ တစ်မုဟုတ်ချင်း နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ပါရာနာမြစ်သည် ကုန်းပတ်လည်ဝိုင်းလျက်ရှိသော ပါရာဂွေးနိုင်ငံ၏ တစ်ခုတည်းသော ပင်လယ်ထွက်ပေါက်ဖြစ်သည်။ **(အင်တာနက်)**

ဖတ်ကြားလျှောက်ထား

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယကပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရခြင်းအကြောင်း ဇယမင်္ဂလာ အနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်း ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားသို့

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၃

ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ရင်ပြင်ရှိ သာသနဇောတိကဓမ္မာရုံ၌ ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်း ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စေတီတော်အထက်သို့ တက်ရောက်၍ စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကြည့်ရှုစစ်ဆေးပြီး စေတီတော်အား ပန်း၊ နံ့သာရည်တို့ဖြင့် ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရွှေဘုန်းပွင့် စေတီတော် ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရခြင်းအကြောင်း ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒထံမှ ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒများကို ခံယူလျက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ဧပြီ ၃၀ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုဆဋ္ဌမအကြိမ် ဘက်စုံလုပ်ငန်းတွင် စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ လုံးတော်ပြည့် မျက်ပါးရွှေသက်န်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ အသစ်လဲလှယ် တပ်ဆင်ပူဇော်ခြင်း၊ စေတီတော်ကြီး၏ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ဂြိုဟ်တိုင်(၈)တိုင် အသစ်လဲလှယ်ပူဇော်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံပြင်ဆင်ဆေးသုတ်ခြင်း၊ စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများရှိ လျှပ်စစ်မီးကြိုးများအားစစ်ဆေးခြင်း၊ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ မီးဆလိုက်၊မီးလုံးမီးချောင်းများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ စေတီတော်ဝင်းအတွင်းရှိ ပျက်စီးနေသည့် နေပူခံကျောက်ပြားများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ စက်ဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော်ပတ်လည်ရှိ မဟာရံတံတိုင်းများ ဆေးသုတ်မွမ်းမံခြင်း၊ အလှူရှင်များကမွည်းကျောက်ပြား သန့်ရှင်းရေး ပြုလုပ်ဆေးသုတ်ခြင်း၊ စေတီတော်ကြီးပတ်လည်ရှိရေမြောင်းများနှင့် စေတီတော်ကြီးမဟာရံတံတိုင်းပတ်လည်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် အများသုံးအဆင့်မြင့်သန့်စင်ခန်းပြုပြင်မွမ်းမံခြင်းစသည်တို့ကို ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုဘက်စုံတွင် စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်အသစ်တို့ကို ခေတ်မီတာရှည်ခံ နည်းစနစ်များဖြင့် စေတီတော်ကြီးနှင့် လိုက်လျောညီထွေ ပနံသင့် သပ္ပာယ်စေမည့် အတိုင်းအတာဖြင့် ကပ်လှူပူဇော်ခဲ့သည်။

စိန်ဖူးတော်အသစ်၏ သပိတ်အိုးသည် မူလသပိတ်အိုးထက် နှစ်ဆခန့်ကြီးပြီး ရတနာများပိုမိုထည့်သွင်း ပူဇော်နိုင်မည်ဖြစ်သကဲ့သို့ ငှက်ပျောဖူးတော် အသစ်၏ အလျား၊ အနံတို့ မူလထက်ကြီးလာသောကြောင့် ရတနာများ ပိုမိုချိတ်ဆွဲပူဇော်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အတူ ငှက်မြတ်နားတော်အသစ်သည် လေတိုက်နှုန်းအရ အလိုက်သင့် သွက်လက်စွာ လည်ပတ်နေစေရန် ရွှေတိဂုံစေတီတော်ကြီးနှင့် နောင်တော်ကြီး စေတီတော်ကြီးတို့၏ ငှက်မြတ်နားတော်များကဲ့သို့ လေတိုက်ပါက သွက်သွက်လည်နေစေရန် Ball Bearing စနစ်အသစ်ကို တပ်ဆင်ပြုလုပ် အသုံးပြုထားသည့်အတွက် ငှက်မြတ်နားတော်ကြီးသည် သွက်လက်စွာ လည်ပတ်ကာ နှစ်ကြာရှည်စွာ ခိုင်ခံ့နေမည်ဖြစ်သည်။

လှူဒါန်းပူဇော်

ဆဋ္ဌမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို (၇)ရက်သားသမီးများ၏ အလှူငွေများဖြင့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်ကိုလည်းကောင်း၊ လုံးတော်ပြည့်ရွှေသက်န်းကပ်လှူခြင်း၊ ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများ မွမ်းမံပြင်ဆင်ခြင်းများကိုလည်းကောင်း လှူဒါန်းပူဇော်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

စီမံဆောင်ရွက်

စေတီတော်ကြီးယခုကဲ့သို့ တင့်တယ်သပ္ပာယ်စွာဖြင့် ဘုရားဖူးများစိတ်ချမ်းသာစွာ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် ဘက်စုံလုပ်ငန်းများ အဆင့်ဆင့်လုပ်ဆောင်ခဲ့ရာ ပထမအကြိမ်ဘက်စုံလုပ်ငန်းများကို ၁၉၉၀-၁၉၉၁ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ်ဘက်စုံလုပ်ငန်းများကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ တတိယအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ပဥ္စမအကြိမ် ဘက်စုံလုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ဆဋ္ဌမအကြိမ် ဘက်စုံလုပ်ငန်းများကိုလည်းကောင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး သာသနိကအဆောက်အအုံများအပိုင်းတွင် လည်းကောင်း၊ ရင်ပြင်တော် ကျောက်ပြားအပိုင်းတွင် လည်းကောင်း၊ လျှပ်စစ်မီးသွယ်တန်းမှုများတွင်လည်းကောင်း၊ စေတီတော်မြတ်ကြီးကိုယ်လုံးတော် ကြံ့ခိုင်ရေးတွင်လည်းကောင်း ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို စီမံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်မဲမြို့နယ်၌ အသက် (၆၅)နှစ်အထက် ချို့တဲ့အဘိုးအဘွားများအတွက် ပရဟိတလူမှုကူညီရေးအဖွဲ့မှ လူငယ်များက အလှူငွေပေးအပ်ပွဲအခမ်းအနားကို အခမဲ့ ကုသိုလ်ဖြစ်ဆေးကုသခန်းတွင် မေ ၁၂ ရက်ကကျင်းပရာ ငွေကျပ် နှစ်သိန်း ရှစ်သောင်းကိုးထောင်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၉၀)

မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

၁။ နိုင်ငံသားများအနေနှင့် မိမိတတ်နိုင်သောငွေကြေးဖြင့် မော်တော်ယာဉ်လွတ်လပ်စွာဝယ်ယူခွင့်ရရှိရေးအတွက် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်တစ်ရပ်အနေဖြင့် မော်တော်ယာဉ်တင်သွင်းခွင့်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်တင်သွင်းလိုသူ နိုင်ငံသားများသည် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်လိုပါက အောက်ပါနေရာများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံခြားငွေလုပ်ငန်းဌာန၊ နေပြည်တော်

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်

(ဂ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်နှင့် မန္တလေး

၃။ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အဆင်မပြေမှုနှင့် အကြံဉာဏ်ပေးလိုသည်များရှိပါက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၀၀၄၆ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၁၃

မေ ၁၃ ရက် ညနေ ၄ နာရီ ၀၇ မိနစ် ၃၆ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၁၃

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျိုက္ကမီမြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် လောင်းလုံမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ

အာကာကျော် – စုစည်းသည်



အီးမေးလ် အလွန်အကျွံသုံးလျှင် စိတ်ဖိစီးမှုဖြစ်ပေါ်စေနိုင်

ကယ်လီဖိုးနီးယား မေ ၁၃

လုပ်ငန်းခွင်၌ အီးမေးလ်ပုံမှန်အသုံးမပြုကြသူများသည် စိတ်ဖိစီးမှုကို လျော့နည်းစေနိုင်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိခဲ့ကြောင်း မေ ၉ ရက်တွင် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

လေ့လာတွေ့ရှိ

ကယ်လီဖိုးနီးယားပြည်နယ် ဘော်စတွန်မြို့အပြင်ဘက် ဆင်ခြေဖုံးရပ်ရှိ စက်ရုံ၊ အလုပ်ရုံတို့၌ ကွန်ပျူတာအီးမေးလ်ပုံမှန်အသုံးပြုသော ဝန်ထမ်းများအား စစ်တမ်းကောက်ယူခဲ့ရာမှ အထက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

တစ်ပတ်ငါးရက် အီးမေးလ်အချိန်ပြည့်အသုံးပြုသူများနှင့် အီးမေးလ်လုံးဝ မသုံးသူများ၏ စိတ်ပိုင်းဆိုင်ရာတို့ကို စစ်ဆေးကြည့်ရာ အီးမေးလ်အသုံးများသူမှာ စိတ်ဖိစီးမှုအများဆုံးတွေ့ရသည်ဟု ဆိုသည်။

ရှောင်ကြဉ်သင့်

အီးမေးလ်အသုံးပြုသူများသည် တစ်နာရီလျှင် အီးမေးလ်ကို ပျမ်းမျှ ၃၇ ကြိမ် အသုံးပြုကြသူများသည် စိတ်ဖိစီးမှု ပို၍ဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။အဆိုပါသုတေသီများက စိတ်ဖိစီးမှုလျော့နည်းစေရေးအတွက် အီးမေးလ်ကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း သတိပေးထားသည်။

(အင်တာနက်)

ဆေးဖက်ဝင် ငရုတ်ကောင်းနက် အဝလွန်ခြင်းကို လျော့ကျစေနိုင်

ဆိုးလ် မေ ၁၃



ငရုတ်ကောင်းနက်များစားသုံးခြင်းသည် ခန္ဓာကိုယ်အဝလွန်ခြင်းကို လျော့ကျစေနိုင်ကြောင်း မေ ၉ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ယာပုံ)**

ငရုတ်ကောင်းနက်တွင်ပါဝင်သော ဂုဏ်သတ္တိများသည် အဆီဆဲလ်သစ်များဖြစ်ပေါ်ခြင်းကို တားဆီးပေးနိုင်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။

ယင်းလေ့လာတွေ့ရှိချက်ကို အီရန်စိုက်ပျိုးရေးနှင့် အစားအစာဂျာနယ်၌ ဖော်ပြထားသည်။

ငရုတ်ကောင်းနက်များသည် ဇီဝရုပ်ဖြစ်ပေါ်ပြောင်းလဲခြင်းတွင် အဆီဆဲလ်ဖြစ်ပွားမှုကို တားဆီးပေးနိုင်စွမ်းရှိကြောင်း အီရန်သုတေသနပညာရှင်များက ဓာတ်ခွဲစမ်းသပ်မှုနှင့် ကွန်ပျူတာအချက်အလက်များမှတစ်ဆင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခင်လေ့လာတွေ့ရှိချက်တွင် ငရုတ်ကောင်းနက်သည် ရောင်ရမ်းနာများ ကုသရာတွင်လည်းကောင်း၊ အစာအိမ်ရောဂါကုသရာတွင်လည်းကောင်း၊ သွေးကြောများအတွင်း အဆီခဲခြင်း၊ အဆီလျှော့ချခြင်းအတွက်လည်းကောင်း အသုံးပြုနိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်တက္ကသိုလ်များမှ သုတေသီများကလေ့လာတွေ့ရှိခဲ့သည်။

ယင်းလေ့လာတွေ့ရှိချက်မှတစ်ဆင့် ငရုတ်ကောင်းနက်ကို အဝလွန်ခြင်းရောဂါ တိုက်ဖျက်ရေးနှင့် ဆက်စပ်ရောဂါများ ကုသရာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသင့်ကြောင်း သိပ္ပံပညာရှင်များက အကြံပြုတင်ပြထားသည်။

(အင်တာနက်)

အာဟာရဓာတ် ပြည့်ဝစွာစားသုံးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

ကိုလံဘီယာ မေ ၁၃

အာဟာရဓာတ်ပြည့်ဝသော အစားအစာများ စားသုံးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါနှင့် အခြားသော နာတာရှည်ရောဂါများဖြစ်ပွားမှုကို နည်းပါးစေနိုင်ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများ၏ လေ့လာတွေ့ရှိချက်ကို မေ ၈ ရက်က အင်တာနက်သတင်း၌ ဖော်ပြထားသည်။ (ဝဲပုံ)

ကာကွယ်ပေးနိုင်

Omega-3 Fatty Acid ပါဝင်သော အစားအစာများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်သည်ဟုဆိုသည်။ ၎င်း Omega-3 Fatty Acid သည် အယ်လ်ဇိုင်းမားရောဂါနှင့် တိုက်ရိုက်ဆက်စပ်နေသည့် Beta- amyloid ဟုခေါ်သော ပရိုတိန်းဓာတ်တစ်မျိုးကို သွေးအတွင်းလျှော့ချပေးနိုင်စွမ်းရှိသည်။

စားသုံးပေးသင့်

Beta-amyloid သည် အယ်လ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးရောဂါတစ်မျိုးဖြစ်သည်။ ထို့ကြောင့် အသက်အရွယ်ရလာသူများသည် အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို နေ့စဉ် အာဟာရပြည့်ဝစွာ စားသုံးပေးသင့်ကြောင်း အကြံပြုတင်ပြထားသည်။ အယ်လ်ဇိုင်းမားရောဂါသည် အသက်ကြီးသူများတွင် ဖြစ်ပွားတတ်သောရောဂါတစ်မျိုးဖြစ်သည်။

(အင်တာနက်)

ကောင်းမြတ်သူ – စုစည်းသည်



အဆိုတော် ကန်ရီဝက်စ်နဲ့ ကင်းကာဒက်ရှန်တို့ စုံတွဲ ကနေဒါသို့ခရီးထွက်လည်ပတ်ခဲ့ကြ

လော့စ်အိန်ဂျလိစ် မေ ၁၃

အဆိုတော် ကင်းကာဒက်ရှန်နဲ့ ရက်ပ်အဆိုတော် ကန်ရီဝက်စ်တို့ဟာ မကြာမီက စေ့စပ်ထားတဲ့ ချစ်သူစုံတွဲဖြစ်ပါတယ်။ သူတို့စုံတွဲဟာ မေ ၁၁ ရက်က ကနေဒါနိုင်ငံ တိုရွန်တိုမြို့ကို ခရီးထွက်လည်ပတ်ခဲ့ကြပါတယ်။ **(ဝဲပုံ)**

ကင်းကာဒက်ရှန်ဟာ အဆိုတော် တစ်ဦးဖြစ်သလို မော်ဒယ်တစ်ဦးလည်း ဖြစ်ပါတယ်။ လော့စ်အိန်ဂျလိစ်မြို့သူ ကင်းကာဒက်ရှန်ဟာ ၂၀၁၀ ခုနှစ် ဩဂုတ်လက ဘတ်စကက်ဘောသမား ခရစ်ဟမ်းဘားနဲ့ လက်ထပ်ခဲ့ပါတယ်။ ဒါပေမယ့် သူတို့အိမ်ထောင်ရေးဟာ စလယ်ဝင်အိုးဖင်မမြဲဆိုသလို ခဏတာပေါင်းသင်းခဲ့ပြီး လမ်းခွဲခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ ၇၂ ရက်သာ ပေါင်းသင်း နေထိုင်ခဲ့ပြီး ကွာရှင်းပြတ်စဲခဲ့ကြပါတယ်။

ကင်းကာဒက်ရှန်ဟာ ကမ္ဘာမှာ ကျော်ကြားတဲ့ မော်ဒယ်တစ်ဦးလည်းဖြစ် ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဟောလီဝုဒ်ရဲ့ ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်တွေထဲမှာ ပါဝင်ပါတယ်။

ပြီးခဲ့တဲ့နှစ်က အနည်းဆုံးဒေါ်လာ ခြောက်သန်းဝင်ငွေရှိခဲ့ပါတယ်။ သူမဟာ မကြာမီက ရက်ပ်အဆိုတော် ကန်ရီဝက်စ်နဲ့ စေ့စပ်ထားကြပါတယ်။ မေ ၁၁ ရက်က သူတို့နှစ်ဦးဟာ ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှာ လျှောက်လည်ကြတယ်လို့ သိရပါတယ်။

(အင်တာနက်)

အမေရိကန်အိုင်ဒေါလ် သီချင်းဆိုပြိုင်ပွဲ ရီဟန်နား သီဆိုဖျော်ဖြေမည်

လော့စ်အိန်ဂျလိစ် မေ ၁၃

R&B အဆိုတော် ရီဟန်နားက လာမယ့်မေ ၂၃ ရက်မှာ ပြုလုပ်မည့် အမေရိကန် အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲ ဗိုလ်လုပွဲ အခမ်းအနားမှာ သီဆိုဖျော်ဖြေပေးမယ်လို့ ကြေညာလိုက်ပါတယ်။ **(ဝဲပုံ)**

အဆိုတော် ရီဟန်နားဟာ ဒီဖျော်ဖြေပွဲမှာ အနည်းဆုံး အချိန် နှစ်နာရီလောက် သီဆိုပေးမယ်လို့ ဆိုပါတယ်။ ရီဟန်နားကို R&B ဂီတလောကသမားတွေက သီချင်းငှက်လို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။ သူမဟာ ဒီသီချင်းဆိုပြိုင်ပွဲမှာ Whare Have you Been လို့အမည်ရတဲ့သီချင်းနဲ့ သီဆိုဖျော်ဖြေပေးမယ်လို့ဆိုပါတယ်။ ဒီသီချင်းဟာ အဆိုတော် ရီဟန်နားရဲ့ သီချင်းတွေထဲက လူကြိုက်အများဆုံး သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အဆိုတော်ရီဟန်နားက ဒီသီချင်းပြိုင်ပွဲမှာ အဓိကအဆိုတော်အဖြစ် သီဆိုပေးမှာဖြစ်ပေမယ့် အခြားသောဧည့်အဆိုတော်တွေလည်း လာရောက်သီဆိုပေးကြမယ်လို့ သိရပါတယ်။ အဆိုတော် ဂျင်နီဖာလိုပက်စ်ကတော့ ဒီသီချင်းဆိုပြိုင်ပွဲမှာ Dence Again သီချင်းနဲ့ သီဆိုမယ်လို့ သိရပါတယ်။ ခုနစ်ကြိမ်မြောက် ဒီသီချင်းဆိုပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ ဒေးဗစ်ကွတ်ကလည်း The Last Song I'LL Write For You သီချင်းနဲ့ သီဆိုဖျော်ဖြေပေးမယ်လို့ သိရပါတယ်။

(အင်တာနက်)

ဆီရီနာဝီလျံ သီချင်းခွေထွက်မည်

ဝါရှင်တန် မေ ၁၃

တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံ **(ယာပုံ)**က မကြာမီအွန်းလိုင်းမှတစ်ဆင့် သူမရဲ့ ဟစ်ပေါ့ပ်သီချင်းများကို ထုတ်လွှင့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ထုတ်လွှင့်ခဲ့

အသက် ၃၀ အရွယ်ရှိ ဆီရီနာဝီလျံဟာ သူမရဲ့ ဟစ်ပေါ့ပ်သီချင်းများကို ဘရိုင်းယန်မက်ကနင်း တေးသံသွင်းမှာ ပြီးခဲ့တဲ့နှစ်က သွင်းယူခဲ့တယ်လို့ ဆိုပါတယ်။ သူမရဲ့ နမူနာသီချင်းများကို TMZ. com မှာ ပြီးခဲ့တဲ့ သောကြာနေ့က တစ်မိနစ်ကြာ ထုတ်လွှင့်ခဲ့တယ်လို့ ဆိုပါတယ်။ မကြာမီ သီချင်းခွေထွက်မယ်လို့ ဆိုပါတယ်။

ဆီရီနာဝီလျံက သူ့သီချင်းတွေကို ဖမ်းယူနားထောင်ခဲ့တဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်တဲ့အကြောင်း ပြောပါတယ်။ ဆီရီနာဝီလျံက ဒီသီချင်းတွေကို တင်နစ်နဲ့ ပတ်သက်ပြီး ခံစားသီဆိုထားတာလို့ ဆိုပါတယ်။

(အင်တာနက်)

အမေရိကန်အိုင်ဒေါလ် သီချင်းဆိုပြိုင်ပွဲ အဆိုတော်ကာဗနတ်ချ်ဆုဆွတ်ခူးရန် ရေပန်းစား



နယူးယောက် မေ ၁၃

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်က အသက် ၁၈ နှစ်အရွယ်ရှိတဲ့ ဆိုပျော်မလေး ဟော်လီကာဗနတ်ချ်ဆိုသူဟာ အမေရိကန် အိုင်ဒေါလ် သီချင်းဆိုပြိုင်ပွဲမှာ နောက်ဆုံးဆန်ခါတင်သုံးဦးနေရာသို့ ရောက်လာပြီဖြစ်ပါတယ်။ (ယာပုံ)

*သူမဟာ **I Can't Make You Love Me** လို့ အမည်ရတဲ့သီချင်းနဲ့ သီဆိုပြိုင်ပွဲဝင်ရာမှာ ပရိသတ်တွေ အထူးနှစ်ခြိုက်အားပေးကြတယ်လို့ ဆိုပါတယ်။ အဆိုတော် ကာဗနတ်ချ်ဟာ နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ မီလေဆိုင်းရပ်စ်ကဲ့သို့ အဆိုကောင်းတဲ့သူဖြစ်ကြောင်း ပရိသတ်တွေက ပြောဆိုချီးကျူးကြပါတယ်။ သူမရဲ့ ဆိုပုံဆိုဟန်တွေဟာ အလွန်ကောင်းတယ်လို့လည်း ဒိုင်အဖွဲ့ဝင်ဖြစ်တဲ့ ဂျင်နီဖာလိုပက်ဇ်က ပြောပါတယ်။ အဆိုတော် ကာဗနတ်ချ်ရဲ့ သီဆိုပြိုင်ပွဲဝင်မှုကို အင်တာနက်မှတစ်ဆင့် ကြည့်ရှုအားပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ စုစုပေါင်းပရိသတ် သန်း ၇၀ ကျော်က သူမရဲ့ သီဆိုမှုကို ကြည့်ရှုအားပေးခဲ့ကြတယ်လို့ ဆိုပါတယ်။အမေရိကန်အိုင်ဒေါလ်သီချင်းဆိုပြိုင်ပွဲကို ၂၀၀၂ ခုနှစ်မှစပြီး တိုက်ရိုက်ရုပ်မြင်သံကြားထုတ်လွှင့်ပေးခဲ့ပါတယ်။ လာမယ့် မေ ၂၃ ရက်မှာတော့ ဒီသီချင်းဆိုပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် သီဆိုပြိုင်ပွဲဝင်ကြမယ်လို့ ဆိုပါတယ်။*

(အင်တာနက်)

◆ *ကျောဖုံးမှ*

ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက မြန်မာပညာတော်သင်များအား လက်ခံသင်ကြားပေးနေသည်ကိုလည်းကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ၏ ခိုင်မြဲသောဆက်ဆံရေးသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးမရမီကတည်းကရှိခဲ့၍ သမိုင်းကြောင်းလည်း ရှည်လျားပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ်တွင် စတင်ခဲ့ရာ မကြာမီ နှစ်(၆၀)ပြည့်ခရီးသို့ ရောက်ရှိတော့မည် ဖြစ်ပါကြောင်း။

ကဏ္ဍသစ်တစ်ရပ်

မကြာသေးမီက နိုင်ငံတော်သမ္မတကြီး လာရောက်ခဲ့သည့် ဂျပန်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း အဆွေတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး မြန်မာ-ဂျပန်နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မြဲစေရန် ကဏ္ဍသစ်တစ်ရပ် ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုမိမိ ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ဂျပန်နိုင်ငံ ခရီးစဉ်၌လည်း အစစအရာရာ အဆင်ပြေချောမွေ့အောင်စီစဉ်ဆောင်ရွက်ပေးကြသည့်အတွက် အထူး ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးမေးမြန်းကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံအောက်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် Mr. Takeda Ryota အား တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ညပိုင်းတွင် တိုကျိုမြို့ရှိ OMOTENASHI RESORT ၌ ဂျပန်နိုင်ငံကျူးရှူးခရိုင်မြောက်ပိုင်း မိုဂျိမြို့ ကမ္ဘာ့အေးဘုရားအတွက် အမျိုးသားလွှတ်တော်ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်သိန်း ၃၀၀ နှင့် အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ဂျပန်ယန်းငွေတစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မိုဂျိမြို့ ကမ္ဘာ့အေးဘုရားအုပ်ချုပ်မှုဒါရိုက်တာ Mr. Akira HACHIYA က လက်ခံသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ခေတ္တတည်းခိုသည့် တိုကျိုမြို့ Hotel New Otani မှ နာရီတာလေဆိပ်သို့ရောက်ရှိကြရာ ဂျပန်နိုင်ငံအထက်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Hanatani နှင့်တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

ဒလမြို့နယ်အတွင်း ရေချိုရရှိရေး ချောင်း၊ မြောင်း၊ ကန်များ ပြန်လည်တူးဖော်ဆောင်ရွက်

ဒလ မေ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ရေချိုရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနပိုင် BACKHOLE စက်နှစ်စီးဖြင့် မြောင်း၊ ချောင်းများကို ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက် နံနက် ၈နာရီခွဲက တာဝန်ရှိသူများ ကွင်းဆင်း၍လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုအခါ သောက်သုံးရေဖူလုံစေရန် ညောင်ငုတ္တိုကျေးရွာတွင် ပေ ၁၂၀ ပတ်လည်ရှိ ဒေါ်ရှမ်း၏သောက်သုံးရေကန်ကိုလည်းကောင်း၊ သပြေကုန်းကျေးရွာတွင် ၆၅ ပေပတ်လည်ရှိ ဒေါ်ဝင်းကြည်၏ ရေကန်ကိုလည်းကောင်း ပြန်လည်တူးဖော်လျက်ရှိသည်။

ဆက်လက်၍ ရခိုင်ချောင်းရေတံခါးတွင် မိုးရေကြီးမှုကာကွယ်ရန်အတွက် ရေနုတ်မြောင်းတူးပေးပြီး ရေချိုသိုလှောင်ကာ နွေစပါးစိုက်ပျိုးခဲ့မှုအခြေအနေကိုလည်းကောင်း၊ သမ္ဘန်ချောင်းကျေးရွာတွင် ပေ ၁၈၄၈၀ အရှည်ရှိ ကွဲလူးအိုင်မြောင်း တူးဖော်ထားမှုကိုလည်းကောင်း၊ မိုးရာသီအတွင်း လယ်ယာမြေ ရေနစ်မြုပ်မှုမှကာကွယ်ရန် ပျော်ဘွယ်ကြီး၊ ရဲချောင်းဝ၊ သပြေကုန်း၊ ညောင်ငုတ္တိုကျေးရွာများ ဘေးတစ်လျှောက် ပေ ၂၄၇၅၀ အရှည်ရှိ ကမာအောင်ချောင်းအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတို့ကိုလည်းကောင်း တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(၁၅၁)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၁၃

ဦးဇော်တောင်သည် ကစားဖော်များဖြစ်ကြသော ဦးအားဒူ၊ ဦးလဘန်ကူရ၊ ဦးဇော်ဘွန်၊ ဦးဂွန်လာတို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်းမြကန်သာတွင်း၌ မေ ၅ ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)၌ ၁၂၀ ကိုက်အကွာမှ Maruman(1) ဘောလုံးကို Kasco Pitchwedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒုတိယဝန်ကြီး ဦးအေးကြူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ပညာရေးကဏ္ဍလေ့လာရေးခရီးမှ ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	**ဦးချရင်းနဲ့အသေပြင်ဆင်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၅)
၈း၅၀	Kick Rock Show (Part-7)
၁၀း၄၀	Myanmar Korea Economic Cooperation Forum 2012
၁၁း၀၀	JAPAN VIDEO TOPICS (Amezaiku Candy Seulpture)
၁၁း၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၇)
၁၂း၂၀	ဘဝထဲကကဗျာ၊ ကဗျာထဲကဘဝ (မိုးလေထဲကမောင်သံချောင်း)
၁၂း၃၀	Myanmar Cooking Master (ဒုတိယအဆင့်)(ပွဲစဉ်-၅)
၁း၀၀	**ဦးချရင်းနဲ့အသေပြင်ဆင်** တရားတော်(ပြည်တွင်း ပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဘဝရဲ့ချောက်ကမ်းပါးစွန်း အူမကြီးကင်ဆာနှင့်ပြန်ရည်ကျိတ်ကင်ဆာ
၂း၅၀	Double Strong Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ
၄း၁၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၅)
၅း၂၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၇)
၆း၀၀	MRTV-4 သတင်း
၆း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၂)
၈း၀၀	MRTV- 4 သတင်း
၈း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love** (အချစ်သင်္ကေတ) (အပိုင်း-၅)
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၆)
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၈)
၁၁း၃၀	ကျောက်ကပ်လျှုခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ (ပါမောက္ခဒေါက်တာစောနောင်)
၁၂း၅၀	ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်)(အပိုင်း-၃)
၂း၁၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂း၃၀	စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပဂေါမိတ် အလှ)
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၄း၁၀	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၄း၄၅	ရင်သပ်ရှုမောဖွယ်ရာ… အံ့ဩသင့်ဖွယ်ရာ… စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ…

စီးပွားရေးဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲအမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်ထားသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းများ အခြေခံသင်တန်းတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဆရာကြီးဒေါက်တာဦးမြင့်က RISE OF CHINA, IMPLICATIONS FOR NEIGHBOURING COUNTRIES ခေါင်းစဉ်ဖြင့် မေ ၁၈ ရက် နံနက် ၉ နာရီတွင် ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၅၀၈၇၁၊ ၀၉-၄၇၃၀၉၅၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရေနုတ်မြောင်းတူးဖော်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးသည် ယနေ့နံနက် ၉ နာရီတွင် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကန်ဖျားလမ်းမကြီး ရေနုတ်မြောင်း၊ လေယာဉ်ကွင်းလမ်း ရေနုတ်မြောင်းနှင့် ပါရမီ(၂)ရပ် သဇင်လမ်းရေနုတ်မြောင်းတို့ တူးဖော်နေမှုများကို လည်းကောင်း၊ စက်ဝင်းရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

(အပေါ်ပုံ)(သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရေပြင်မြေပြင် မီးလောင်မှုအမြန်ငြိမ်းသတ်နိုင်ရေး အဆင့်မြင့်အစီအစဉ်များ ထားရှိဆောင်ရွက်မည်

ရန်ကုန် မေ ၁၃

မြေပြင်ရှိ အဆောက်အအုံများ မကြာခဏမီးလောင်မှု ဖြစ်ပွားတတ်သကဲ့သို့ ရေပြင်ရှိသင်္ဘောများ၊ စီဘီတွဲများ၊ လောင်စာဆီတင်ရေယာဉ်များလည်း မကြာခဏဆိုသလို မီးလောင်မှုများ ဖြစ်ပွားလေ့ရှိပါသည်။

ထိုကဲ့သို့ မြစ်ချောင်းအတွင်း မီးလောင်မှုများဖြစ်ပွားပါက အမြန်ဆုံးသွားရောက် ကူညီငြိမ်းသတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့က မီးသတ်ရေယာဉ်သုံးစီးကိုဝယ်ယူပြီး စမ်းသပ်အသုံးပြုလျက်ရှိနေကြောင်း သိရသည်။

မီးသတ်ရေယာဉ် သုံးစီးကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနများတွင် တစ်စီးစီထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "သည်မီးသတ်ရေယာဉ်တွေက မီးငြိမ်းသတ်ရုံ သက်သက်မဟုတ်ပါဘူး။ မြစ်ချောင်းအတွင်း သဘာဝဘေးအန္တရာယ်ရှိလို့ပဲဖြစ်ဖြစ်၊ သမ္ဘန်၊ သင်္ဘောမှောက်လို့၊ နစ်လို့ပဲဖြစ်ဖြစ် ကူညီနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့အနေနဲ့ အဆင့်မြင့်တင်ခြင်းလုပ်ငန်းတစ်ရပ်ပါ"ဟု မြန်မာ့အလင်းသတင်းအဖွဲ့နှင့် တွေ့ဆုံခိုက် ပြောကြားခဲ့သည်။

ထို့အပြင် မြေပြင်မီးလောင်မှုများ၌ ကြိတ်၍ငြိမ်းသတ်ခြင်း၊ မနိုင်မှ မီးသတ်သို့ အကြောင်းကြားခြင်း၊ အကြောင်းကြားဆက်သွယ်မှု နောက်ကျခြင်းများကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးမှုများများစွာရှိခဲ့သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံးသိရှိပြီး အမြန်ဆုံးသွားရောက် ငြိမ်းသတ်နိုင်ရေးအတွက် ရန်ကုန်မြို့လယ်ရှိ ဆီဒိုးနားဟိုတယ်ကြီးကဲ့သို့ အဆင့်မြင့်အဆောက်အအုံကြီးများတွင် CCTV ကင်မရာများတပ်ဆင်စောင့်ကြည့်နိုင်ရန် အဆင့်မြင့်တင်စီစဉ်မှုများရှိနေကြောင်းကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်ရုံးချုပ်(မရမ်းကုန်း)၊ ကျောက်တံတား၊ စမ်းချောင်း၊ တာမွေ၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ လှိုင်၊ အင်းစိန်၊ လှိုင်သာယာ၊ သန်လျင်မီးသတ်စခန်းများရှိ ရှေ့ပြေးမီးသတ်ယာဉ်များ၌ I.P ကင်မရာများတပ်ဆင်ပြီး ဖြစ်ကြောင်းလည်း သိရသည်။

ဆောင်ရွက်ပေး

ထို I.P ကင်မရာများမှတစ်ဆင့် မီးလောင်မှု မြင်ကွင်းအားလုံးကို ရုံးချုပ်မှ အချိန်နှင့်တစ်ပြေးညီ တွေ့မြင်နိုင်ပြီး တာဝန်ရှိသူတို့က လိုအပ်သောညွှန်ကြားမှု၊ စီစဉ်မှုများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

→ သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်) ←

ရေပြင်တွင် အသုံးပြုမည့် မီးသတ်ရေယာဉ်ကို တွေ့ရစဉ်။

ကျောက်မီးသွေးလောင်စာအကြောင်း တစေ့တစောင်း

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

အမေရိကန်ပြည်ထောင်စုမှ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ပြည်ပသို့ တင်ပို့ရောင်းချခဲ့သော ကျောက်မီးသွေးပမာဏသည် မက်ထရစ်တန် ၁၀၇ သန်းရှိခဲ့ပြီး ဆယ်စုနှစ်နှစ်စုအတွင်း အမြင့်ဆုံး ပြည်ပတင်ပို့မှု ဖြစ်သည်သာမက ၂၀၀၆ ခုနှစ်ကထက် နှစ်ဆကျော်ရှိကြောင်း ၁၂-၄-၂၀၁၂ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရပ်စ်အောက်ဆိုက် ဓာတ်ငွေ့များနှင့် အမှုန်များထုတ်လွှတ်မှုများသည့် ကျောက်မီးသွေးလောင်စာအစား အခြားလောင်စာများကို အစားထိုးသုံးစွဲကြရန် နိုင်ငံအများအပြားက ကြိုးပမ်းနေကြသည့်အချိန်တွင် ဖော်ပြပါသတင်းကို ဖတ်ရှုခဲ့ရာ စာရေးသူအနေဖြင့်အတော်အံ့သြမိပါသည်။ ပို၍ အံ့သြရသည်မှာ ခေတ်မီတိုးတက်နေသော တောင်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုမှ ကျောက်မီးသွေးမက်ထရစ်တန် ၁၀ သန်းကျော် ဝယ်ယူခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ကထက် ၈၁ ရာခိုင်နှုန်း ပိုမိုဝယ်ယူကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရခြင်းကြောင့် ဖြစ်ပါသည်။ ထိုနည်းတူပင် အိန္ဒိယနိုင်ငံက မက်ထရစ် တန် ၄ ဒသမ ၅ သန်း ဝယ်ယူခဲ့ရာ ယခင်နှစ်ကထက် ၆၅ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း၊ ဂျပန်နိုင်ငံကလည်း မက်ထရစ်တန်ခုနစ်သန်းဝယ်ယူခဲ့ပြီး ယခင်နှစ်ကထက် ၁၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ သိသာစွာမြင့်တက်ရခြင်းမှာ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှင့် ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံမှ အတွေ့အကြုံများအရ ပြည်သူလူထုက နျူကလီးယားစွမ်းအင်အစား အခြားလောင်စာစွမ်းအင်များကို သုံးစွဲစေလိုသောကြောင့်ဖြစ်ကြောင်း မှတ်သားရပါသည်။

ဇယား ၁။ ၂၀၀၈ ခုနှစ်ကုန်တွင် တည်ရှိသော ကျောက်မီးသွေးအကြွယ်ဝဆုံးနိုင်ငံ (၁၀)နိုင်ငံမှ ကျောက်မီးသွေးသိုက်များ၏ ပမာဏများ (မက်ထရစ်တန်သန်းပေါင်း)

နိုင်ငံ	ကျောက်မီးသွေးပမာဏ	ပါဝင်မှုရာခိုင်နှုန်း
၁။ အမေရိကန်ပြည်ထောင်စု	၂၃၇၂၉၅	၂၂.၆
၂။ ရုရှား	၁၅၇၀၁၀	၁၄.၄
၃။ တရုတ်	၁၁၄၅၀၀	၁၂.၆
၄။ ဩစတြေးလျ	၇၆၅၀၀	၈.၉
၅။ အိန္ဒိယ	၆၀၆၀၀	၇.၁
၆။ ဂျာမနီ	၄၀၆၉၉	၄.၇
၇။ ယူကရိန်း	၃၃၈၇၃	၃.၉
၈။ ကာဇက်စတန်	၃၃၆၀၀	၃.၉
၉။ တောင်အာဖရိက	၃၀၁၅၆	၃.၅
၁၀။ ဆာဘီးယား	၁၃၇၇၀	၁.၆
တစ်ကမ္ဘာလုံးစုစုပေါင်း	၈၆၀၉၃၈	၁၀၀

တောင်ကိုရီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲရန်အတွက် လိုအပ်သည့် လောင်စာ

ဇယား ၃။ ကျောက်မီးသွေးပြည်ပတင်ပို့မှု အများဆုံး(၁၁)နိုင်ငံ၏ နှစ်အလိုက်ကျောက်မီးသွေးတင်ပို့မှုပမာဏ(မက်ထရစ်တန်သန်းပေါင်း)

နိုင်ငံအမည်	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉	ပါဝင်မှုရာခိုင်နှုန်း
၁။ ဩစတြေးလျ	၂၃၁.၃	၂၄၃.၆	၂၅၂.၂	၂၆၀.၇	၂၆.၅
၂။ အင်ဒိုနီးရှား	၁၇၄.၄	၂၀၁.၃	၂၀၇.၀	၂၃၇.၁	၂၄.၀
၃။ ရုရှား	၉၃.၈	၁၀၁.၈	၁၀၄.၇	၁၁၈.၈	၁၂.၀
၄။ ကိုလံဘီယာ	၆၂.၀	၆၇.၆	၆၇.၈	၆၈.၈	၆.၉
၅။ တောင်အာဖရိက	၆၈.၈	၆၅.၉	၆၁.၉	၆၇.၀	၆.၈
၆။ အမေရိကန်ပြည်ထောင်စု	၄၆.၄	၅၅.၀	၇၅.၈	၅၄.၈	၅.၅
၇။ တရုတ်	၇၇.၇	၆၈.၄	၆၂.၄	၃၄.၈	၃.၅
၈။ ကနေဒါ	၂၈.၃	၃၀.၃	၃၃.၁	၂၈.၉	၂.၉
၉။ ဗီယက်နမ်	၂၁.၃	၃၁.၈	၁၉.၃	၂၅.၆	၂.၆
၁၀။ ကာဇက်စတန်	၂၇.၇	၂၉.၈	၄၃.၂	၂၃.၃	၂.၄
၁၁။ ပိုလန်	၂၃.၀	၁၈.၂	၁၄.၆	၁၃.၂	၁.၃
တစ်ကမ္ဘာလုံးစုစုပေါင်း	၉၀၇.၇	၉၇၃.၈	၉၈၆.၄	၉၈၉.၆	၁၀၀.၀

များ၊ စွမ်းအင်များသုံးစွဲမှုအခြေအနေကို စိတ်ဝင်စားသဖြင့် လေ့လာခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၁၀၀၂၁၀ ရှိပြီး လူဦးရေ ၄၈ ဒသမ ၈၇၅ သန်း(၂၀၁၀ပြည့်နှစ်) ရှိသောကြောင့် လူဦးရေသိပ်သည်းမှု တစ်စတုရန်းကီလိုမီတာလျှင် (၄၈၉) ဦးခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်က ကိုရီးယားနိုင်ငံ၏ စုစုပေါင်း GDP(PPP -Purchasing Power Parity) သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၆ ထရီလျံရှိပြီး နိုင်ငံသားတစ်ဦးချင်း၏ GDP သည် အမေရိကန်ဒေါ်လာ ၃၁၇၅၃ (မြန်မာငွေ ၂၆ သန်းခန့်) ရှိပါသည်။ စုစုပေါင်း GDPသည် ကမ္ဘာ တွင် (၁၂)ခုမြောက်နိုင်ငံဖြစ်ပြီး တစ်ဦးချင်း GDPသည် (၂၆)ခုမြောက်နိုင်ငံဖြစ်ပါသည်။ စွမ်းအင်သုံးစွဲမှု၌ ၂၀၀၈ ခုနှစ်က ကမ္ဘာပေါ်တွင် ဒသမမြောက်သုံးစွဲမှုအများဆုံးနိုင်ငံ ဖြစ်ပါသည်။ ကျောက်မီးသွေးဝယ်ယူတင်သွင်းမှုတွင် တတိယမြောက် အများဆုံးနိုင်ငံဖြစ်ပြီး သဘာဝဓာတ်ငွေ့တင်သွင်းမှု၌ ဒုတိယမြောက် အများဆုံးနိုင်ငံဖြစ်ကာ ရေနံတင်သွင်းမှုတွင် ပဉ္စမမြောက် အများဆုံး နိုင်ငံဖြစ်ပါသည်။

တောင်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေးသိုက်များ၏ စုစုပေါင်း ပမာဏသည် မက်ထရစ်တန် ၁၂၆ သန်းခန့်သာရှိသဖြင့် တစ်နှစ်လျှင် မက်ထရစ်တန် ၂ ဒသမ ၇ သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ကသုံးစွဲခဲ့သည့် ကျောက်မီးသွေးပမာဏသည် မက်ထရစ်တန် ၁၁၄ သန်းကျော်ရှိကြောင်း၊ ထို့ကြောင့် လိုအပ်သောကျောက်မီးသွေးများကို ဩစတြေးလျနှင့် အင်ဒိုနီးရှားနိုင်ငံများမှ အဓိကဝယ်ယူတင်သွင်းခဲ့ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း(၃၃)ရာခိုင်နှုန်းကျော် တိုးမြှင့်လာခဲ့ကြောင်း၊ ပိုမိုလိုအပ်လာသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် အဓိကဖြစ်ကြောင်း သိရှိရသည့်ပြင် သုံးစွဲခဲ့သောကျောက်မီးသွေးစုစုပေါင်းပမာဏ၏ ထက်ဝက်ကျော်ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင်သုံးစွဲပြီး ကျန်ကျောက်မီးသွေးများကို စက်မှုလုပ်ငန်းများ၌ သုံးစွဲခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်များ၏ စုစုပေါင်းပမာဏသည် မက်ထရစ်တန်ပေါင်း ၈၆၀ ဒသမ ၉၃၈ ဘီလီယံရှိပါသည်။ ကျောက်မီးသွေး တစ်မက်ထရစ်တန်သည် ရေနံစည် ၄ ဒသမ ၈ နှင့်ညီမျှ (Barrel of Oil Equivalent -BOE) သဖြင့် ဖော်ပြပါ ကျောက်မီးသွေးပမာဏသည် ရေနံစည်ပေါင်း ၄၁၃၃ ဘီလီယံနှင့် ညီမျှပါသည်။ ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်များ၏အခြေအနေကို သိရှိနိုင်ရန်အတွက် ကျောက်မီးသွေးအကြွယ်ဝဆုံးနိုင်ငံ (၁၀)နိုင်ငံမှ ကျောက်မီးသွေးသိုက်များ၏ ပမာဏများကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ ထို့ပြင် ကျောက်မီးသွေးထုတ်လုပ်မှုအများဆုံးနိုင်ငံ (၁၁)နိုင်ငံ၏ နှစ်အလိုက် ကျောက်မီးသွေးထုတ်လုပ်မှုပမာဏများနှင့် ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့် အချိန်ကာလများကို ဇယား(၂)တွင်လည်းကောင်း၊ ကျောက်မီးသွေး ပြည်ပသို့ အများဆုံးတင်ပို့သောနိုင်ငံ (၁၁)နိုင်ငံ၏ နှစ်အလိုက် ရောင်းချတင်ပို့မှု ပမာဏများကို ဇယား(၃)တွင် လည်းကောင်း၊ ကျောက်မီးသွေး အများဆုံး ဝယ်ယူတင်သွင်းသော နိုင်ငံခုနစ်နိုင်ငံ၏ နှစ်အလိုက် တင်သွင်းမှုများကို ဇယား(၄)တွင် လည်းကောင်း အသီးသီး ဖော်ပြထားပါသည်။

ဇယား ၂။ ကျောက်မီးသွေးထုတ်လုပ်မှုအများဆုံး(၁၁)နိုင်ငံ၏ နှစ်အလိုက် ကျောက်မီးသွေးထုတ်လုပ်မှုပမာဏ (မက်ထရစ်တန်သန်းပေါင်း)နှင့် ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့် အချိန်ကာလ

နိုင်ငံအမည်	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉	၂၀၁၀	ပါဝင်မှုရာခိုင်နှုန်း	ကာလ(နှစ်)
၁။ တရုတ်	၂၅၂၈.၆	၂၆၉၁.၆	၂၈၀၂.၀	၂၉၇၃.၀	၃၂၄၀.၀	၄၈.၃	၃၅
၂။ အမေရိကန်	၁၀၅၄.၈	၁၀၄၀.၂	၁၀၆၃.၀	၉၇၅.၂	၉၈၄.၆	၁၄.၈	၂၄၁
၃။ အိန္ဒိယ	၄၄၉.၂	၄၇၈.၄	၅၁၅.၉	၅၅၆.၀	၅၆၉.၉	၅.၈	၁၀၆
၄။ အီးယူ	၅၉၅.၁	၅၉၂.၃	၅၆၃.၆	၅၃၈.၄	၅၃၅.၇	၄.၂	၁၀၅
၅။ ဩစတြေးလျ	၃၈၂.၂	၃၉၂.၇	၃၉၉.၂	၄၁၃.၂	၄၂၃.၉	၆.၃	၁၈၀
၆။ အင်ဒိုနီးရှား	၃၀၉.၉	၃၁၃.၅	၃၂၈.၆	၃၀၀.၃	၃၁၆.၉	၄.၇	၄၉၅
၇။ ရုရှား	၁၉၃.၈	၂၁၆.၉	၂၄၀.၂	၂၅၆.၂	၃၀၅.၉	၅.၀	၁၈
၈။ တောင်အာဖရိက	၂၄၄.၈	၂၄၇.၇	၂၅၂.၆	၂၅၀.၆	၂၅၃.၈	၃.၈	၁၁၉
၉။ ဂျာမနီ	၁၉၇.၁	၂၀၀.၉	၁၉၂.၄	၁၈၃.၇	၁၈၂.၃	၁.၂	၂၂၃
၁၀။ ပိုလန်	၁၅၆.၁	၁၄၅.၉	၁၄၄.၀	၁၃၅.၂	၁၃၃.၂	၁.၅	၄၃
၁၁။ ကာဇက်စတန်	၉၆.၂	၉၇.၈	၁၁၁.၁	၁၀၀.၉	၁၀၀.၈	၁.၅	၃၀၃
တစ်ကမ္ဘာလုံးစုစုပေါင်း	၆၃၄၂.၀	၆၅၇၃.၃	၆၇၉၅.၀	၆၈၈၀.၈	၇၂၇၃.၃	၁၀၀	၁၀၈

ဇယား(၁)အရ အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ကျောက်မီးသွေးသိုက်များ၏ ၂၂ ဒသမ ၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသဖြင့် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးအကြွယ်ဝဆုံး နိုင်ငံဖြစ်ပါသည်။ ရုရှားနှင့် တရုတ်နိုင်ငံများတွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁၂ ဒသမ ၆ ရာခိုင်နှုန်း ရှိခြင်းကြောင့် ဒုတိယနှင့် တတိယအပေါများဆုံးနိုင်ငံများ ဖြစ်ကြပါသည်။ အာရှတိုက်တွင် တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်နိုင်ငံများမှအပ မွန်ဂိုလီးယား၊ အင်ဒိုနီးရှားနှင့် ပါကစ္စတန်နိုင်ငံများသည် ကျောက်မီးသွေး အပေါများဆုံးနိုင်ငံများ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံက ကျောက်မီးသွေး ပမာဏ ၅၅၂၉ သန်းဖြင့် ၀ ဒသမ ၆ ရာခိုင်နှုန်း၊ မွန်ဂိုလီးယားနိုင်ငံက ၂၅၂၀ သန်းဖြင့် ၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် ပါကစ္စတန်က ၂၀၇၀ သန်းဖြင့် ၀ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အသီးသီးပိုင်ဆိုင်ကြပါသည်။

ဇယား(၂)တွင် ဖော်ပြထားသည့် နိုင်ငံအလိုက် ပါဝင်မှုရာခိုင်နှုန်းများကို BOE ပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ကျောက်မီးသွေးသိုက်များ၏ နောက်ထပ်ထုတ်ယူနိုင်မည့်ကာလကိုခန့်မှန်းရာ၌ ၂၀၁၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့သည့် ပမာဏပေါ်တွင် မူတည်ထားခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ကျောက်မီးသွေးသိုက်အားလုံး၏ နောက်ထပ်ထုတ်ယူနိုင်မည့် ပျမ်းမျှကာလကို (၁၀၈)နှစ်ဟု တွက်ချက်ခန့်မှန်းထားပါသည်။ ကမ္ဘာတစ်ဝန်းတွင် ကျောက်မီးသွေး ထုတ်လုပ်သည့် နိုင်ငံပေါင်း ၁၀၀ကျော်ရှိသည့်အနက် ၂၀၁၀ ပြည့်နှစ်က ကျောက်မီးသွေး မက်ထရစ်တန်သန်း ၁၀၀၏အထက် ထုတ်လုပ်သည့် နိုင်ငံ(၁၁)နိုင်ငံကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံက ကျောက်မီးသွေးများကို ယခုနှုန်းထားအတိုင်း ဆက်လက်၍ ထုတ်လုပ်နေဦးမည်ဆိုပါက နောက်ထပ် (၃၅)နှစ်ခန့်သာ ထုတ်လုပ်နိုင်တော့မည်ဖြစ်သကဲ့သို့ အင်ဒိုနီးရှားနိုင်ငံသည်လည်း နောက်ထပ် (၁၈)နှစ်ခန့်သာ ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့က နောက်ထပ်နှစ်ပေါင်း ၂၀၀ ကျော်သည့်တိုင် ထုတ်လုပ်နိုင်ကြဦးမည်ဖြစ်ပြီး ရုရှားနိုင်ငံက နှစ်ပေါင်း (၅၀၀)နီးပါး ထုတ်လုပ်နိုင်ဦးမည် ဖြစ်သည်ကိုလည်း တွေ့ရှိနိုင်ပါသည်။

ဇယား(၄)အရ ဂျပန်နိုင်ငံသည် ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသည် ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှု တတိယအများဆုံးနိုင်ငံဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

ဇယား(၂)အရ တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးမှ ထုတ်လုပ်သည့် စုစုပေါင်းပမာဏ၏ ထက်ဝက်ခန့်ကို ထုတ်လုပ်လျက်ရှိသည့်ပြင် ဇယား(၄)အရ ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှုတွင်လည်း ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်ပါသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်က ကျောက်မီးသွေး မက်ထရစ်တန် ၂၉၇၃ သန်း ထုတ်လုပ်ခဲ့ပြီး ပြည်ပမှ မက်ထရစ်တန် ၁၃၇ ဒသမ ၈ သန်း တင်သွင်းကာ ပြည်ပသို့ မက်ထရစ်တန် ၃၄ ဒသမ ၈ သန်းသာ ရောင်းချခဲ့သဖြင့် မက်ထရစ်တန် ၃၀၇၆ သန်းခန့်ကို ပြည်တွင်း၌ပင် သုံးစွဲခဲ့သဖြင့် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပါသည်။ (ထို့ကြောင့်ပင် ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အများဆုံးနိုင်ငံ ဖြစ်နေခြင်းဖြစ်ပါသည်။) တစ်ဖန် အမေရိကန်ပြည်ထောင်စုသည် ၂၀၀၉ ခုနှစ်က ကျောက်မီးသွေး မက်ထရစ်တန်ပေါင်း ၉၇၅ ဒသမ ၂ သန်း ထုတ်လုပ်ခဲ့ပြီး ပြည်ပသို့ မက်ထရစ်တန် ၅၄ ဒသမ ၈ သန်းတင်ပို့ခဲ့သဖြင့် ပြည်တွင်း၌ မက်ထရစ်တန် ၉၂၀ ဒသမ ၄သန်း သုံးစွဲခဲ့ရာ ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှု ဒုတိယအများဆုံးနိုင်ငံ ဖြစ်ပါသည်။ ထိုနည်းတူပင် အိန္ဒိယနိုင်ငံက မက်ထရစ်တန် ၅၅၆ သန်းထုတ်လုပ်ခဲ့ပြီး ပြည်ပမှ မက်ထရစ်တန် ၆၉ ဒသမ ၆သန်း ဝယ်ယူခဲ့ခြင်းကြောင့် ပြည်တွင်း၌ ကျောက်မီးသွေး မက်ထရစ်တန် ၆၂၅ ဒသမ ၆ သန်းသုံးစွဲခဲ့ရာ ကမ္ဘာပေါ်တွင် ကျောက်မီး

ဇယား ၄။ ကျောက်မီးသွေးတင်သွင်းမှုအများဆုံး (၇)နိုင်ငံ၏ နှစ်အလိုက် တင်သွင်းမှုပမာဏ (မက်ထရစ်တန်သန်းပေါင်း)

နိုင်ငံအမည်	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉
၁။ ဂျပန်	၁၈၁.၂	၁၈၉.၆	၁၈၆.၉	၁၆၅.၂
၂။ တရုတ်	၃၈.၁	၅၁.၀	၄၀.၄	၁၃၇.၈
၃။ တောင်ကိုရီးယား	၇၆.၃	၈၅.၄	၉၇.၂	၉၉.၇
၄။ အိန္ဒိယ	၄၇.၈	၂၆.၉	၆၄.၃	၆၉.၆
၅။ ထိုင်ဝမ်	၆၂.၇	၆၅.၈	၆၄.၃	၅၈.၆
၆။ ဂျာမနီ	၄၅.၉	၅၁.၀	၅၀.၅	၄၁.၆
၇။ ယူကေ	၅၁.၅	၄၄.၄	၄၄.၆	၃၈.၂
တစ်ကမ္ဘာလုံး စုစုပေါင်း	၈၉၉.၈	၉၅၈.၄	၉၆၄.၅	၉၄၃.၃

သွေးသုံးစွဲမှု တတိယအများဆုံးနိုင်ငံဖြစ်ပါသည်။ (အမေရိကန်ပြည်ထောင်စု Energy Information Administration EIA ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံက ၂၀၁၀ ပြည့်နှစ်တွင် ကျောက်မီးသွေးပမာဏ မက်ထရစ်တန် ၁ ဒသမ ၀၁၂ သန်းသုံးစွဲခဲ့ကြောင်း သိရှိရပါသည်။)

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနည်းသည့် ပြန်ပြည့်မြဲစွမ်းအင်များကိုသုံးစွဲရန် ကြိုးပမ်းနေကြသည့် ယနေ့အခါသမယတွင် ဖွံ့ဖြိုးပြီးနိုင်ငံအများအပြားနှင့် စီးပွားရေးအရ ထိပ်တန်းသို့ ရောက်ရှိနေသည့် နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုအများဆုံးဖြစ်သည့် ကျောက်မီးသွေးလောင်စာကို မလျှော့ချနိုင်ဘဲ ဖြစ်နေရသည့် အကြောင်းအရင်းတစ်ရပ်မှာ ကျောက်မီးသွေးဈေးနှုန်း တည်ငြိမ်မှုရှိခြင်းနှင့် လုံလောက်စွာရရှိနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၁၉၇၃ ခုနှစ်က ရေနံအရေးအခင်းဖြစ်ပေါ်ခဲ့သည့်အချိန်မှ အစပြု၍ ရေနံကို အများအပြားသုံးစွဲနေသော နိုင်ငံအချို့သည် အာရပ်နိုင်ငံများ၏ အကျပ်ကိုင်မှုကို ခံခဲ့ရပါသည်။ နိုင်ငံရေးနှင့် စစ်မက်ရေးရာများဖြစ်ပေါ်တိုင်း ရေနံဈေးနှုန်းသည် မတည်မငြိမ်ဖြစ်လေ့ရှိခြင်းကြောင့်လည်းကောင်း၊ ဝယ်ယူရရှိရန် မသေချာမှုကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့ထုတ်ကုန်များ၏ဈေးနှုန်းများ တစ်သမတ်တည်းရှိစေရေးနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးတို့အတွက် ရေနံအစား ကျောက်မီးသွေးကိုသုံးစွဲလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျောက်မီးသွေးသုံးစွဲမှုပမာဏသည် ၁၉၇၃ ခုနှစ်က သုံးစွဲမှုထက် သိသာစွာများပြားလာခဲ့ပါသည်။ EIA ၏ထုတ်ပြန်ချက်အရ ကမ္ဘာ့ကျောက်မီးသွေးသုံးစွဲမှု ပမာဏသည် ၁၉၈၀ ပြည့်နှစ်က မက်ထရစ်တန် ၃၄၀၄ ဒသမ ၅ သန်း သုံးစွဲခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၇၂၅၁ ဒသမ ၇သန်း တိုင်အောင် တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ ကျောက်မီးသွေးသုံးစွဲမှုသည် ၁၉၇၃ ခုနှစ်က မက်ထရစ်တန် ၅၁၀ ဒသမ ၃၇ သန်းသာ ရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် မက်ထရစ်တန် ၉၁၀ ဒသမ ၁၂၂ သန်းတိုင်အောင် များပြားခဲ့ကြောင်း၊ ဂျပန်နိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်က ကျောက်မီးသွေးပမာဏ မက်ထရစ်တန် ၆၈ ဒသမ ၆၇၅ သန်းသာ သုံးစွဲခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် မက်ထရစ်တန် ၁၈၇ ဒသမ ၅၁၈ သန်းတိုင်အောင် တိုးမြှင့်ခဲ့သဖြင့် ကျောက်မီးသွေးသုံးစွဲမှုသည် နှစ်ပေါင်း (၃၀)အတွင်း သုံးဆနီးပါး များပြားလာခဲ့ကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါအားသာချက်များကြောင့် စက်မှုနိုင်ငံကြီးများအနေဖြင့် ကျောက်မီးသွေးလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးစွဲနေကြရသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ အထူးကိစ္စဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိနေပါသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အခြားဓာတ်ငွေ့များ၊ အမှုန်များ ထုတ်လွှတ်မှု လျော့နည်းစေရေးအတွက် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏စွမ်းရည်ကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိကြပါသည်။ စက်ရုံများ၏ စွမ်းရည်မြင့်မားလာသည်နှင့်အမျှ ကျောက်မီးသွေးသုံးစွဲရသည့် ပမာဏ လျော့နည်းလာမည်ဖြစ်ခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ၊ အမှုန်များထုတ်လွှတ်မှု လျော့နည်းလာမည် ဖြစ်ပါသည်။ ဤသို့ စွမ်းရည်မြင့်မားရန် ကြိုးပမ်းကြသည့် နိုင်ငံများအနက် ဂျပန်နိုင်ငံက ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ဂျာမနီနိုင်ငံက ဒုတိယ၊ အိုင်ယာလန်နှင့် ယူကေနိုင်ငံများက တတိယ၊ အမေရိကန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများက စတုတ္ထနေရာများတွင် ရပ်တည်လျက်ရှိကြောင်းသိရှိရပါသည်။

၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံတွင် ဟီတာချီကုမ္ပဏီကြီးက တာဝန်ယူတည်ဆောက်ခဲ့သော မဂ္ဂါဝပ် ၇၀၀ရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ စွမ်းရည်သည် ၄၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ထိုစက်ရုံတည်ဆောက်မှုမှ အတွေ့အကြုံများကို အခြေခံလျက် စွမ်းရည် ၄၉ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရရှိနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံရှိ နာမည်ကျော်ကုမ္ပဏီကြီးများအနေဖြင့် ဖော်ပြပါစက်ရုံများ၏ စွမ်းရည်ကို မြှင့်တင်ရန်ကြိုးပမ်းရာတွင် Supercritical Pressure နည်းပညာအရ အပူချိန် ၅၅၆ ဒီဂရီ C နှင့် ဖိအား ၂၄ ဒသမ ၁ M Pa အထိ ရရှိခဲ့ပြီး ထပ်မံ၍ကြိုးပမ်းခဲ့ကြရာ Ultra-Supercritical Pressure နည်းပညာအရ အပူချိန် ၅၉၃ ဒီဂရီ Cနှင့် အထက်နှင့်ဖိအား ၂၄ ဒသမ ၁ M Pa အထိ ရရှိခဲ့ကြောင်း မှတ်သားရပါသည်။

ထို့ပြင် ဂျပန်နိုင်ငံရှိ နာမည်ကျော် ကုမ္ပဏီကြီးများက ဖော်ပြပါစက်ရုံများတွင် ဆန်းသစ်တီထွင်ထားသော အထူးပြုကိရိယာများ တပ်ဆင်ခြင်း၊ အလွန်မြင့်မားသော မီးခိုးခေါင်းတိုင်များထားရှိခြင်း၊ အကောင်းစားကျောက်မီးသွေးများကို သုံးစွဲခြင်း၊ ကျောက်မီးသွေးများကို စနစ်တကျထားသိုခြင်း၊ စက်ရုံသို့ ခေတ်မီနည်းစနစ်များဖြင့် ပို့ဆောင်ခြင်းစသည်များကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့်လည်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ၊ အမှုန်များထုတ်လွှတ်မှု အလွန်နည်းသွားကြောင်း ကြားသိရပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် **"အစိမ်းရောင်ဖြစ်ထွန်းမှု"** (Green Growth) ဗျူဟာအရ ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုကို ဖြတ်တောက်ရန်ရည်မှန်းထားသည့် စီမံကိန်းများရှိပါသည်။ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား မဖြစ်စေရန် အလေးထားသဖြင့် ဖြည်းဖြည်းချင်းသာ ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှု လျော့နည်းစေရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် ပြန်ပြည့်မြဲ စွမ်းအင်များကို ၁၁ ရာခိုင်နှုန်းသုံးစွဲနိုင်ရန်လျာထားကြောင်း၊ သဘာဝဓာတ်ငွေ့ကိုမူ ၂၀၅၀ ပြည့်နှစ်သို့ ရောက်ရှိသည့်အချိန်တိုင်အောင် ပိုမိုတိုးမြှင့်သုံးစွဲနေဦးမည်ဖြစ်ကြောင်း၊ "အစိမ်းရောင်ဖြစ်ထွန်းမှု" ဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လေအားလျှပ်စစ်၊ လျှပ်စစ်မော်တော်ကား စသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် GDP ၏ ၂ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

သို့ဖြစ်ပါ၍ ထိပ်တန်းစက်မှုနိုင်ငံကြီးများဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများသည်ပင်လျှင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ကျောက်မီးသွေးလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးစွဲနေကြရသောသာဓကများနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည့် အတုယူဖွယ် သာဓကကောင်းများကို လေ့လာနိုင်ရန် အလို့ငှာ ရေးသားဖော်ပြအပ်ပါသည်။

(အမေရိကန်ပြည်ထောင်စုရှိ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အခြေအနေနှင့် မြန်မာနိုင်ငံနှင့် အာရှနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအခြေအနေများကို လေ့လာလိုပါက ၁-၂-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ၄-၂-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၆-၂-၂၀၁၂ရက်နေ့ထုတ် နိုင်ငံတကာသတင်းဂျာနယ်များတွင်ဖော်ပြခဲ့သော"အစိမ်းရောင်စီးပွားရေးဆီသို့ -၃" ဆောင်းပါးကို ဖတ်ရှုနိုင်ပါသည်။ စာရေးသူ)

အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာအငြင်းပွားမှုဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၃

မေ ၁၂ ရက် နံနက် ၉နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

ထို့နောက် ဥပဒေနှင့်နည်းဥပဒေများကို တာဝန်ရှိသူများက ရှင်းလင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အပြင် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆည်မြောင်းဦးစီးဌာနက ကြိုးစားဆောင်ရွက်ခဲ့သည်။

ပဲခူးမြစ်အတွင်း သောင်ခုံများဖြစ်ထွန်းနေခဲ့သည်မှာ အချိန်ကြာပြီ ဖြစ်သည်။ သောင်ခုံများကြောင့် ရေစီးရေလာမကောင်းဘဲ ရေများအိုင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေရန် တွန်းအားပေးလျက်ရှိသည်။ ထို့ကြောင့် သောင်ခုံများ တူးဖော်ခြင်းလုပ်ငန်းကို ပဲခူးမြို့ လယ်တံတားကြီးမှ တာဝရေတံခါးအထိ မြစ်ကြောင်းတစ်လျှောက် သဲသောင်ခုံ ၁၁ခုကို တူးဖော်ခြင်းလုပ်ငန်းအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ ယခုအခါ ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထိုသို့ ပဲခူးမြစ်အတွင်း သောင်တူးရာတွင် ပဲခူးမြစ်အတွင်း ငွေ့တန်းရှည်ရွာအနီး သောင်ခုံအမှတ် (၁)၊ မုန်တိုင်းရွာထိပ်ရှိ သောင်ခုံအမှတ်(၂)၊ မြို့ဦးခင်ရွာထိပ်အနီးရှိ သောင်ခုံအမှတ် (၃)၊ မြို့ဦးခင်ရွာထိပ်၌ နောက်ထပ်သောင်ခုံအမှတ်(၄)၊ မြို့လေးရွာထိပ်ရှိ သောင်ခုံအမှတ်(၅)၊ အထက်စီးတီးရွာ(အနောက်)ရှိ သောင်ခုံအမှတ်(၆)၊ အထက်စီးတီးရွာ(အရှေ့)ရှိ သောင်ခုံအမှတ်(၇)၊အောက်စီးတီးရွာအရှေ့ဘက်ရှိ သောင်ခုံအမှတ်(၈)၊ ဈေးညောင်ပင်ရွာရှိ သောင်ခုံအမှတ်(၉)၊ ကုန်းတန်းရွာရှိ သောင်ခုံအမှတ်(၁၀)၊ ကုန်းတန်းရွာအနီးသောင်ခုံအမှတ်(၁၁)တို့ကို တူးဖော်ခြင်းဖြစ်သည်။

ထိုသောင်ခုံ ၁၁ ခုကို စက်ယန္တရားကြီးများဖြင့် သောင်တူးနိုင်ခဲ့ရာ စုစုပေါင်းသဲမြေကြီးတူးယူမှုမှာ မြေကြီးကျင်းပေါင်း ၆၁၃၁၂၅ ကျင်းရှိခဲ့သည်။ ထိုသို့ သောင်ခုံများ တူးခဲ့မှုကြောင့် ပဲခူးမြစ်အတွင်း ရေစီးရေလာကောင်းမွန်ပြီး မြစ်ရေလျှံတက်မှုကို အထိုက်အလျောက် ကာကွယ်သွားနိုင်မည်ဖြစ်သည်။ ပဲခူးမြစ်အတွင်း ပေါ်ထွန်းနေသော သောင်ခုံများမှာ ပင်လယ်ဒီရေတက်မှုနှင့် ပဲခူးမြစ်ရေတို့ ဆုံတွေ့သည့် စဉ့်အိုးဘိုရွာနှင့် မုန်တိုင်းရွာအကြား ပဲခူးမြစ်ကြောင်းတစ်လျှောက်၌ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ပဲခူးမြစ်အတွင်း နှစ်ပေါင်းများစွာ သောင်တူးခြင်းလုပ်ငန်းများကိုလည်း မလုပ်ဆောင်နိုင်ခဲ့၍ တဖြည်းဖြည်းနှင့် မြစ်ကြောင်းတိမ်ကောကွေ့ကောက်ခဲ့ခြင်း ဖြစ်သည်။ သောင်များထွန်းပြီး မြစ်ကြောင်းကွေ့ကောက်မှုကြောင့် မိုးရာသီတွင် မြစ်ရေလျှံပြီး အနီးဝန်းကျင်ရှိ လယ်မြေများ ရေနစ်မြုပ်ခြင်းဖြစ်သည်။ ယခုကား စက်ယန္တရားကြီးများဖြင့် သောင်များတူးဖော်ခဲ့ပြီဖြစ်ရာ ပဲခူးမြစ်ကြောင်းတစ်လျှောက် ရေစီးကောင်းမွန်ပြီး မြစ်ရေလျှံတက်မှု လျော့ကျနိုင်တော့မည် ဖြစ်သည်။

ထို့အတူ ပဲခူးရိုးမတောင်တန်းပေါ်ရှိ ဇောင်းတူရေလွှဲဆည်မှ ပိုလျှံသော ရေများကို ရေလွှဲဆည်မှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေထုတ်ပေးခြင်းဖြင့် ယခင်က ၄င်းရေပိုလွှဲများ ပဲခူးမြစ်အတွင်းစီးဝင်မှုဖြစ်ခဲ့ရာမှ ရေကြီးရေလျှံမှု ဖြစ်ခဲ့ရာ ယခုအခါ ရေကြီးမှုကို ကာကွယ်နိုင်ရန်လည်း ဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်သည်။ထိုသို့ ဆောင်ရွက်ရာတွင် ဇောင်းတူ- မိုးယွန်းကြီးရေသွယ်မြောင်းကို တိုးချဲ့တူးဖော်ခြင်း၊ ဇောင်းတူ-စွန်ပိရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းနှင့် ဇောင်းတူ-ကျိုက်လှ ရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ခဲ့ပြီး ယခုနှစ် မိုးရာသီမတိုင်မီပြီးစီးအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ယင်းသို့ ရေသွယ်မြောင်းများ ပြုလုပ်ပေးခြင်းကြောင့် ပိုလျှံရေများ ပဲခူးမြစ်အတွင်း မစီးဆင်းစေဘဲ ရေလွှဲဆည်မှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေချပေးနိုင်မည်ဖြစ်သည်။ ထိုသို့ ပိုမိုရေချပေးနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုနိုင်လေသည်။ သို့မှသာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်လျော့ပါးနိုင်ရေးကို ရေသွယ်မြောင်းများကလည်း ထောက်ကူပေးမည်ဖြစ်သည်ကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက စနစ်တကျလေ့လာပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ ရေကြီးရေနက်ကွင်းများမှ ပိုလျှံရေများကို ပဲခူး-စစ်တောင်းတူးမြောင်းမှ တစ်ဆင့် ပဲခူးမြို့ဝန်းကျင်ဒေသကို ရှောင်လွှဲကာ စစ်တောင်းမြစ်နှင့် ပဲခူးမြစ်အောက်ပိုင်းများသို့ ရေထုတ်နိုင်ရန် ရေနုတ်မြောင်းများကိုလည်း တူးဖော်ထားသည်။ စုစုပေါင်း ရေနုတ်မြောင်း ရှစ်မြောင်းတူးဖော်ထားရာ လုပ်ငန်းများပြီးစီးခဲ့ပြီဖြစ်၍ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ထားခြင်းပင်ဖြစ်သည်။

တူးဖော်ခဲ့သည့် ရေနုတ်မြောင်းများမှာ အဗျား-ရှမ်းကိုင်းရေနုတ်မြောင်း (အလျား ၁၂ မိုင်၊ အကျယ် ပေ ၃၀)၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်း (အလျား မိုင် ၂၀၊ အကျယ် ပေ ၃၀)၊ ဝဲပတန်ရေနုတ်မြောင်း (အလျား ၁၇ မိုင်၊ အကျယ် ပေ ၃၀)၊ သံဒင်းရေနုတ်မြောင်း (အလျား၂၅ မိုင်၊ အကျယ် ပေ ၃၀)၊ မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်း (အလျား ၂၅ မိုင်၊ အကျယ် ပေ ၃၀)၊ အုန်းနဲ့-ကန်ဘဲ့ရေနုတ်မြောင်း (အလျား ၁၄ မိုင်၊ အကျယ် ပေ၃၀)၊ ဆည်မရေနုတ်မြောင်း (အလျား ၁၇ မိုင်၊ အကျယ် ပေ ၃၀)နှင့် မောင်းမရေနုတ်မြောင်း (အလျား ၁၃ မိုင်၊ အကျယ် ပေ ၃၀) တို့ကိုလည်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးနေပြီ ဖြစ်သည်။ ပဲခူးမြစ်အတွင်း ရေစီးမဝင်ရန်အတွက် ရေနုတ်မြောင်းများက ရေထုတ်ရန်အသင့်အနေအထားရှိနေကြပြီ။ ဆည်မြောင်းဦးစီးဌာနက ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြစ်အထက်ပိုင်းတွင် ရေလှောင်တမံများ တည်ဆောက်ခြင်းနှင့်ရေစီးရေလာ အဟန့်အတားဖြစ်စေသည့် ပဲခူးမြစ်အတွင်း သဲသောင်ခုံများကို တူးဖော်ခဲ့သလို ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းများကိုလည်း ပြုလုပ်ခဲ့ရာ နှစ်စဉ်ရေကြီးမှုမှ သက်သာနိုင်ပြီဖြစ်သလို ရေကျနောက်တိုးစပါးစိုက်ပျိုးမှုကိုလည်း တိုးမြှင့်ပြုလုပ်နိုင်တော့မည်ဖြစ်သည်။ ပဲခူးမြို့ဝန်းကျင်ဒေသမှ ပြည်သူများအတွက် ဝမ်းမြောက်ဝမ်းသာရမည့်ဆောင်ရွက်ချက်များပင်ဖြစ်သည်။

ထို့အပြင် ပဲခူး၊ သနပ်ပင်၊ ဝေါ၊ ကဝမြို့နယ်များတွင်လည်း လယ်မြေများမိုးရာသီ၌ ရေကြီးရေလျှံဖြစ်ပွားမှုကို သက်သာ လျော့ပါးစေမည်ဖြစ်ရာ နွေရာသီ၌ ရေချိုများရရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်အတွက် လယ်ယာထွက်ကုန်များ တိုးမြှင့်လာမည်ဖြစ်သကဲ့သို့ ဒေသခံတောင်သူများကလည်း ပိုမိုစိုက်ပျိုးကာ ဝင်ငွေတိုးတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပြီ။

ထို့ကြောင့် စီမံကိန်းများချမှတ်ပြီး လုပ်ငန်းများအဆင့်ဆင့်ကို အောင်မြင်စွာဖြင့်နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မိုးရာသီ၌ ပဲခူးမြစ်ရေကြီးရေလျှံဖြစ်ပွားမှု လျော့နည်းပြီး ပဲခူးမြို့ဝန်းကျင်ဒေသရေလျှံမှုကို အထိုက်အလျောက် လျော့ပါးသက်သာသွားမည့်အပြင် လယ်မြေများ ပိုမိုစိုက်ပျိုးနိုင်တော့မည့် အကျိုးကျေးဇူးများကိုရရှိနိုင်မည်ဖြစ်ရာ ပဲခူးမြို့ဝန်းကျင်ဒေသမှ ပြည်သူများ ပြုံးပန်းဝေနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ။

(မြန်မာ့အလင်း)

အဗျား-ရှမ်းကိုင်းရေနုတ်မြောင်းတူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။

ဒေးဒရဲမြို့နယ် ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်

ဒေးဒရဲ မေ ၁၃

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မငေးကြီးကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်သည့် ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် မွန်းလွဲ ၁နာရီက စာကြည့်တိုက်အတွင်း၌ ကျင်းပရာ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူးဦးတင်ရွှေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မင်းနှင့် မငေးကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ရှင်းလင်းပြောကြား

ထို့နောက် စာအုပ်စာစောင်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘဝအလင်းရောင်စာကြည့်တိုက်အတွက် ဒေးဒရဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က သုတရသစာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စွန့်ပစ်အမှိုက်ကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဦးဖိုးမှန်လမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သည် လမ်းမဘေးတွင် အမှိုက်များစွန့်ပစ်နေခြင်းကြောင့်လည်းကောင်း၊ ဂက်စ်အိုးများ၊ မီးစက်များထားရှိအသုံးပြုနေသောကြောင့်လည်းကောင်း မီးဘေးစိုးရိမ်နေရပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ လမ်းသူလမ်းသားများ

ကျေးရွာအတွင်းရှိ ကြက်ခြံမှ အနံ့ဆိုးကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သနပ်ပင်ကျေးရွာအုပ်စု အနောက်ကျေးရွာတွင် ယာမြေအတွင်းကြက်ခြံများ စည်းကမ်းမဲ့ဆောက်လုပ်မွေးမြူထားသဖြင့် ထိုကြက်ခြံများမှ ထွက်ပေါ်လာသောအနံ့ဆိုးများကြောင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးထိခိုက်နိုင်သောကြောင့် အနံ့ဆိုးထွက် ကြက်ခြံများကို လိုအပ်သလိုဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ ရွာသူရွာသားများ

ဝက်မွေးသူများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ၁/က စံပြရပ်ကွက် ခရေပင်ရိပ်မွန်(၁)အနီး ချစ်တီးကုန်း(၈)လမ်းထိပ် ကွက်သစ်အခြမ်းနှင့် (၈)လမ်းနောက်ဖေးလမ်းကြားတွင် ဝက်တဲများဆောက်လုပ်ကာ ဝက်များစီးပွားဖြစ်မွေးမြူနေကြသဖြင့် ရပ်ကွက်အတွင်း ဝက်အော်သံများဆူညံခြင်း၊ ဝက်ချေးအနံ့ဆိုးများဖြစ်ပေါ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူများ

မြန်မာ့အလင်း မှုခင်းသတင်း

ခြံစည်းရိုးစိုက် ဝါးပင်ခုတ်မှုကြောင့် စကားများပြီး လူသတ်မှုဖြစ်

ဝါးခယ်မ မေ ၁၃

ဝါးခယ်မမြို့နယ် တဖြူစုကျေးရွာ၌ ခြံနှစ်ခုအကြား စိုက်ပျိုးထားရှိသော ဝါးပင်ပြဿနာကြောင့် လူသတ်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ မေ ၁၀ ရက် ညနေ ၅ နာရီခန့်က ဝါးခယ်မမြို့နယ် တဖြူစုကျေးရွာနေ မကြည်ကြည် အသက်(၃၀) နှစ် (ဘ-ဦးကျော်ရင်အေး)ခြံနှင့် ဦးကျော်မြင့်ဒွေး အသက်(၅၃) နှစ်(ဘ-ဦးကျော်ညွန့်)တို့၏ ခြံနှစ်ခုအကြားရှိ ဝါးရုံမှဝါးပင်ကို မကြည်ကြည်၏ခင်ပွန်း ဘတ်တန် အသက်(၄၁) နှစ် (ဘ-ဦးအိုက်ဂတ်)က မိမိပိုင်ခြံဘက်မှ ဝါးများခုတ်စဉ် ဝါးရုံအလယ်သို့ အရောက်၌ ဦးကျော်မြင့်ဒွေး၏တူမ မဝေဖောင်နှင့် ခင်ပွန်းအောင်သကြိန်တို့က ဝါးများခုတ်နေသည့် ဘတ်တန်အား ဝါးများမခုတ်ရန်တားမြစ်သဖြင့် စကားများရာ မဝေဖောင်တို့ ဇနီးမောင်နှံက ပိုင်ရှင်ဦးကျော်မြင့်ဒွေးထံ သွားရောက်တိုင်တန်းသည်။ ထို့နောက် ကျော်မြင့်ဒွေးရောက်ရှိလာပြီး ခုတ်သိမ်းပြီးသော ဝါးများသယ်ယူရန် ပြင်ဆင်နေသည့် ဘတ်တန်၏ နောက်ကျောသို့ ဓားဖြင့်ထိုးလိုက်သဖြင့် ဘတ်တန်က နောက်သို့ပြန်အလှည့် ဒုတိယ ဓားချက်က ဘတ်တန်၏ ဝဲရင်အုံသို့ထိုးစိုက်ဝင်သွားပြီး လဲကျ သေဆုံးသွားကြောင်း သိရသည်။ (၀၇၇)

မိမိခြံဝင်းအတွင်း အတူလာနေသူက ဓားဖြင့်ထိုးသဖြင့် ခြံပိုင်ရှင်အမျိုးသမီးသေဆုံး

ဒလ မေ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သပြေကုန်းကျေးရွာအုပ်စု တာကြီးကျေးရွာ၌ မေ ၈ ရက် ညနေပိုင်းက မိမိ၏ခြံဝင်းအတွင်း၌ အတူနေထိုင်ခွင့်ပြုထားသူက ခြံပိုင်ရှင်အမျိုးသမီးအား ဓားဖြင့်ထိုးသဖြင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် သပြေကုန်းကျေးရွာအုပ်စု တာကြီးကျေးရွာ ဒလ-တွံတေးကားလမ်းဘေးတွင်နေထိုင်သူ မရီရီသန့်(ခ) မဟာစီနာ(၂၇)နှစ် (ဘ)ဦးပီရှူးသည် မိမိ၏အိမ်ခြံဝင်းအတွင်း ဝါးခနိရောင်းဆိုင်အနောက်၌ တဲအိမ်ဆောက်၍ နေထိုင်ခွင့်ပြုထားသော ဦးအေးမင်း(ခ) မြင့်အေး (၃၃)နှစ်၏ဇနီးထံ အကြွေးငွေကျပ် ၅၀၀၀ တောင်းဆိုခဲ့သည်။ ထိုကိစ္စကိုမကျေနပ်သဖြင့် ဦးအေးမင်း(ခ)မြင့်အေးက မရီရီသန့်ထံသွားပြောရာမှ စကားများရန်ဖြစ်ပြီး ၎င်းတွင်အသင့်ပါလာသော အရှည်ရှစ်လက်မရှိ နှစ်ဖက်သွားဓားမြှောင်ဖြင့် ခြံပိုင်ရှင်မရီရီသန့်အားထိုးလိုက်ရာ ဦးခေါင်းဝဲဘက်နားထင်တွင်တစ်ချက်၊ ရင်အုံတွင်တစ်ချက်၊ဝမ်းဗိုက်တွင်တစ်ချက် စူးဝင်ဒဏ်ရာများဖြင့် ဒလဆေးရုံသို့တင်ပို့ခဲ့ရာ ဆေးရုံ၌သေဆုံးသွားကြောင်း သိရှိရသည်။ (၁၅၁)

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

14-5 (10).pmd 1 5/14/2012, 2:43 AM

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဂျာမန်ဖလားနောက်ဆုံးဗိုလ်လုပွဲ ဒေါ့မွန်တို့ ဖလားကိုင်မြှောက်အောင်ပွဲခံ

ဘာလင် မေ ၁၃

*၂၀၁၁-၂၀၁၂ ဘောလုံးရာသီ ဂျာမန်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဘာလင်အိုလံပစ်အားကစားရုံ၌ မေ ၁၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဒေါ့မွန်က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)***

ဒေါ့မွန်အသင်းသည် ဂျာမန်ဖလားရရှိရေးအတွက် ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲအစ သုံးမိနစ်မှာပင် ကာဂါဝါက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် ၂၅ မိနစ်၌ ဘိုင်ယန်မြူးနစ်မှ ရော်ဘင်က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူပေးခဲ့သည်။

သို့သော် ဒေါ့မွန်အသင်းမှ ဟန်မီလာက မိနစ် ၄၀၌ ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဆက်လက်ပြီး လီဝစ်ဒေါစကီးက ပွဲချိန် ၄၅ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး ဒေါ့မွန်က သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း ဒေါ့မွန်တို့က ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၈ မိနစ်နှင့် ၈၁ မိနစ်တို့၌ လီဝစ်ဒေါစကီးက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဟက်ဒရစ်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၇၅ မိနစ်၌ ရစ်ဘာရီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ချေပဂိုးဆက်လက်မသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ဒေါ့မွန်တို့က ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဒေါ့မွန် အသင်းသည် ဂျာမန်ဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

၁၉၃၅ ခုနှစ်က စတင်ကျင်းပခဲ့သော ဂျာမန်ဖလား ဘောလုံးပြိုင်ပွဲကို ဂျာမန်လိဂ်ဘောလုံးအသင်း ၆၄ သင်းတို့ ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ဂျာမန်ဖလားကို ပထမဆုံးဆွတ်ခူးခဲ့သည့်အသင်းမှာ နူရင်ဘတ် အသင်းဖြစ်ပြီး ရှော်လ်ကေးအသင်းကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

*ဂျာမန်ဖလားကို အများဆုံးဆွတ်ခူးရရှိခဲ့သည့်အသင်းမှာ ဘိုင်ယန်မြူးနစ်ဖြစ်ပြီး စုစုပေါင်း ၁၅ ကြိမ် ရရှိခဲ့သည်။ ဒုတိယအများဆုံးဆွတ်ခူးရရှိခဲ့သည့်အသင်းမှာ ဝါဒါဘရီမင်အသင်းဖြစ်ပြီး ခြောက်ကြိမ်ရရှိခဲ့ သည်။ ၂၀၁၁ ခုနှစ်က ဆွတ်ခူးရရှိခဲ့သည့်အသင်းမှာ ရှော်လ်ကေးအသင်းဖြစ်သည်။ **(အင်တာနက်)***

ယခုနှစ်လာလီဂါရာသီကုန်ပွဲစဉ်များယှဉ်ပြိုင် ဘာစီလိုနာတို့ သရေပွဲဖြစ်ခဲ့

မက်ဒရစ် မေ ၁၃

စပိန်လာလီဂါပွဲစဉ် (၃၈)ကို မေ ၁၃ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲဘက်တစ်နှင့် ဘာစီလိုနာတို့ပွဲတွင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်စီခွဲယူခဲ့ကြသည်။

တန်းစီဇယားအဆင့် ၁၂ တွင်ရပ်တည်နေသောရီးရဲဘက်တစ်သည် အိမ်ကွင်း၌ အမှတ်ရရှိရေး ကြိုးစားခဲ့မှုကြောင့်သာ တစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ညွှေ့သည် ဘာစီလိုနာတို့ပွဲချိန် ကိုးမိနစ်၌ ဘက်ကွတ်စ်ကတစ်ဂိုးသွင်းယူခဲ့သည်။ **(ယာပုံ)**

ရီးရဲဘက်တစ်တို့ ပထမပိုင်းချေပဂိုး မသွင်းနိုင်သော်လည်း ဒုတိယပိုင်း ပွဲချိန် ၇၀ မိနစ်နှင့် ၇၄ မိနစ်တို့၌ ရော်ဘင်ကတ်စထရိုတစ်ဦးတည်း ချေပဂိုးနှင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။

ဘာစီလိုနာအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၉၀ ရောက်မှသာ ကိုင်တာကသွင်းယူပေးခဲ့သဖြင့် ပွဲအပြီးနှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ယခုနှစ်ဘောလုံးရာသီ၌ လာလီဂါပွဲစဉ်များကုန်ဆုံးခဲ့ပြီဖြစ်ရာ တန်းစီဇယား၌ ၃၈ ပွဲကစား၊ ၉၁ မှတ်ဖြင့် ဒုတိယနေရာ၌သာရပ်တည်နိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်တို့အား လာလီဂါဖလား လွှဲပြောင်းပေးခဲ့ရခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်အဖြစ် ရီးရဲဆိုစီဒက်နှင့်ဗလင်စီယာတို့ပွဲတွင် ရီးရဲဆိုစီဒက်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ အိမ်ကွင်း၌ကစားရသော ရီးရဲဆိုစီဒက်တို့လည်း ညွှေ့သည်ဗလင်စီယာတို့က ခြေကုန်ထုတ်ကစားခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၆၄ မိနစ်ရောက်မှသာ ဂရစ်မန်းက ရီးရဲဆိုစီဒက်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ ဗလင်စီယာတို့ရှုံးခဲ့သော်လည်း ယခုနှစ်လာလီဂါတန်းစီဇယား၌ တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။ အနိုင်ရရှိသောရီးရဲဆိုစီဒက်က ၃၈ ပွဲကစား၊ ၄၇ မှတ်ဖြင့် တန်းစီဇယား၌ အဆင့် ၁၁နေရာတွင် ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီရီနာဝီလျံ ဗိုလ်လုပွဲတက်

မက်ဒရစ် မေ ၁၃

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲကို မေ ၁၃ ရက်က ဆက်လက်ကျင်းပရာ ဆီရီနာဝီလျံ **(ဝဲပုံ)** က ဟာဒက်ကာကိုအနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။

ဆီရီနာဝီလျံသည် ချက်တင်းနစ်မယ် ဟာဒက်ကာကို ၇-၆ (၇-၅)၊ ၆-၀ ဖြင့် အကြိတ်အနယ်ကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်သော ဆီရီနာဝီလျံသည် အားပါပြင်းထန်သော စပေးဘောနှင့် တန်ပြန်ရိုက်ချက်များကြောင့် နိုင်ပွဲရခဲ့ခြင်းလည်းဖြစ်သည်။ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာနှင့် ပိုလန်တင်းနစ်မယ် ရက်ဝမ်ကာတို့ပွဲတွင် အဇာရင်ကာက ၆-၂၊ ၆-၄ ဖြင့် နိုင်ပွဲရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲ၌ ဆီရီနာဝီလျံနှင့် အဇာရင်ကာတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ထို့အတူ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် ရော်ဂျာဖက်ဒရားနှင့် တီပဆာရီဗစ်တို့ပွဲတွင် ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒရားက ၆-၂၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ရော်ဂျာဖက်ဒရားက နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ခဲ့ပြီဖြစ်သည်။

တစ်ဖန် နောက်ထပ် အကြိုဗိုလ်လုပွဲစဉ်အဖြစ် ချက်တင်းနစ်သမား ဘာဒက်နှင့် အာဂျင်တီးနားတင်းနစ်သမား မာတင်ဒဲလ်ပိုတရိုတို့ပွဲတွင် ဘာဒက်က ၇-၆ (၇-၅)၊ ၇-၆ (၈-၆) ဖြင့် နိုင်ပွဲရရှိပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။ ထို့ကြောင့် ဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒရားနှင့် ဘာဒက်တို့ တွေ့ဆုံကြမည်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်



ပရိသတ်အများဆုံးအားပေးတဲ့ ဘက်ခမ်းရဲ့ပြိုင်ပွဲ

အော့တဝါ မေ ၁၃

*ကမ္ဘာကျော်ဘောလုံးသမားဒေးဗစ်ဘက်ခမ်း **(အပေါ်ပုံ)** ဟာ မေ ၁၂ ရက်က သူ့ရဲ့ အသင်းဖြစ်တဲ့ မေဂျာလိဂ်ချန်ပီယံ အယ်လ်အေဂလက်ဆီနဲ့အတူ ကနေဒါနိုင်ငံမှာ မွန်ထရီရယ်ကလပ်နဲ့ သွားရောက်ကစားခဲ့ပါတယ်။*

ဒေးဗစ်ဘက်ခမ်းရဲ့ဘောလုံးသမားဘဝတစ်လျှောက်လုံး ဒီပွဲဟာ ပရိသတ် အများဆုံးလို့ဆိုပါတယ်။ စုစုပေါင်းပရိသတ် ၆၀၈၆၀ လာရောက်ကြည့်ရှုကြတယ်လို့ ဆိုပါတယ်။ ဘက်ခမ်းကိုကြည့်ချင်လွန်းကြသဖြင့် ကနေဒါပရိသတ်တွေဟာ တစ်ခဲနက် လာရောက်ကြည့်ရှုကြတယ်လို့ဆိုပါတယ်။

*ဒီပွဲမှာ တစ်ဖက်တစ်ဂိုးစီနဲ့သရေကျခဲ့ပါတယ်။ အယ်လ်အေဂလက်ဆီအတွက် တစ်လုံးတည်းသော ချေပဂိုးကိုတော့ ဒေးဗစ်ဘက်ခမ်းက ပွဲချိန် ၆၂မိနစ်မှာ အလွတ် တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့တယ်လို့ဆိုပါတယ်။ ဒေးဗစ်ဘက်ခမ်းဟာ ဒီဂိုးကို ၂၃ကိုက်အကွာမှ သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒေးဗစ်ဘက်ခမ်းဟာ အလွတ်တည်ကန်ဘော ကန်သွင်းရာမှာနာမည်ကျော်တဲ့ ကစားသမားတစ်ဦးဖြစ်ပါ တယ်။ ဘက်ခမ်းက ဒီပွဲမှာလည်း ကနေဒါနိုင်ငံက သူ့ပရိသတ်တွေရှေ့မှောက်မှာ အလှပဆုံးအလွတ်တည်ကန်ဘောကို ကန်သွင်းပြသခဲ့ပါတယ်။ ကနေဒါပရိသတ်တွေ အံ့သြမဆုံးဖြစ်ခဲ့ရတယ်လို့ဆိုပါတယ်။ **(အင်တာနက်)***

❐ ***ကျောဖုံးမှ***

ကျူပီအာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၈၉ မိနစ်အထိ ကျူပီအာက မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားခဲ့သည်။ ပွဲချိန် မိနစ် ၉၀ တွင် ဒီဇီကိုက ခေါင်းတိုက်ဂိုးဖြင့် မန်စီးတီးအတွက် ပြန်လည်ချေပနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၉၀ ပြည့်၍ အချိန်ပို ငါးမိနစ်ပေးလိုက်သဖြင့် မန်စီးတီးကစားသမားများ အားတက်သွားပြီး ဆက်လက် ဖိအားပေးကစားခဲ့ရာ အချိန်ပိုသုံးမိနစ်မှာ တိုက်စစ်မှူး အဂူရိုက မန်စီးတီး အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ် (၃၈) အပြီး မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်နှင့် စပါးတို့ ထိပ်ဆုံးလေးသင်းစာရင်းတွင် ရပ်တည်နိုင်ခဲ့ပြီး ဘော်လ်တန်၊ ဘလက်ဘန်းနှင့် ဝုဖ်တို့မှာ တန်းဆင်းခဲ့ရသည်။

အခြားပွဲရလဒ်များ

ချယ်လ်ဆီး	၂-၁	ဘလက်ဘန်း
အဲဗာတန်	၃-၁	နယူးကာဆယ်
နော့ဝစ်ချ်	၂-၀	အက်စ်တွန်ဗီလာ
စတုတ်	၂-၂	ဘော်လ်တန်
ဆန်းဒါးလန်း	၀-၁	မန်ယူ
ဆွမ်ဆီး	၁-၀	လီဗာပူး
စပါး	၂-၀	ဖူလ်ဟမ်
ဝက်စ်ဘရွန်း	၂-၃	အာဆင်နယ်
ဝီဂန်	၃-၂	ဝုဖ်

ဘိုင်ယန်မြူးနစ်နှင့်ကစားသည့်ပွဲတွင် ကာဂါဝါအားတွေ့ရစဉ်။

ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါအား မန်ယူခေါ်ယူရန် နံပါတ်တစ်ပစ်မှတ်ထား

လန်ဒန် မေ ၁၃

မန်ယူနည်းပြကြီးဖာဂူဆန်က လာမယ့်ဘောလုံးရာသီမှာ မန်ယူကိုတောင့်တင်း ခိုင်မာတဲ့အသင်းကောင်းတစ်သင်းဖြစ်ဖို့ ကစားသမားကောင်းတွေလိုက်ရှာနေပါပြီ။

ဖလားဆွတ်ခူးပေး

နည်းပြကြီး ဖာဂူဆန်တွေ့ထားတဲ့ ကစားသမားတွေထဲမှာ ဂျပန်ကွင်းလယ်ကစား သမားလေး ရှင်ဂျီကာဂါဝါလည်း ပါဝင်ပါတယ်။ အသက် ၂၃ နှစ်ပဲရှိသေးတဲ့ ကာဂါဝါဟာ ဒီနှစ်ဒေါ့မွန်အသင်းကို ဂျာမန်ဘွန်ဒက်(စ်)လီဂါဖလား ဆွတ်ခူးပေးခဲ့ တဲ့သူပါ။ သူဟာ ကွင်းလယ်ကစားကွက်ကို နိုင်နင်းတဲ့အပြင် ဘောလုံးဖြန့်ဝေ ပေးမှုလည်း အလွန်ကောင်းတယ်လို့ဆိုပါတယ်။

ပစ်မှတ်ထား

ဒါကြောင့်လည်း နည်းပြကြီးဖာဂူဆန်က လာမယ့်ရာသီအတွက် မန်ယူ ဖလားတွေ ပြန်လည်ဆွတ်ခူးဖို့ ကစားသမားသစ်တွေခေါ်ယူရာမှာ ဂျပန်ကွင်းလယ် ကစားသမားလေး ကာဂါဝါကို နံပါတ်တစ်ပစ်မှတ်ထားနေပါတယ်။ ဖာဂူဆန်နဲ့ သူ့ရဲ့လက်ထောက် မိုက်ဖီလန်တို့ဟာ မေ ၁၂ ရက်က ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ ကစားတဲ့ ပွဲမှာ တက်ရောက်ကြည့်ရှုခဲ့ကြပါတယ်။ ကာဂါဝါဟာ ဒေါ့မွန်ကိုစွန့်ပြီး အိုးထရက်ဖို့ဒ်သို့ ထွက်ခွာမယ့်အနေအထားရှိပါတယ်။ သူ့အနေနဲ့လည်း မန်ယူကိုပြောင်းချင်နေတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ နွေဝင်ဘာလတုန်းက ဖာဂူဆန်ဟာ နာဆရီကိုမဝယ်ဖြစ်ခဲ့တာ မန်ယူအတွက် အများကြီးနစ်နာစေခဲ့ပါတယ်။ အခုအဲဒီနေရာကို ပြန်ဖြည့်ရန် ကာဂါဝါကို ခေါ်ယူဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ "မန်ယူဟာ ကမ္ဘာမှာအင်အားတောင့်တင်းတဲ့ အသင်းပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့အနာဂတ်ကတော့ ဘာမှမသိနိုင်သေးဘူး"လို့ ကာဂါဝါက ဆိုပါတယ်။ *(အင်တာနက်)*

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးတင်ယု-ဒေါ်မြင့်မြင့်သန်းတို့၏ တစ်ဦးတည်းသောသား
မောင်စိုးဝင်းထွန်း(ခ)သူရဝင်း
B.C.Sc (D.S.A)
ဦးစီးအရာရှိ (အကောက်ခွန်ဦးစီးဌာန)
နှင့်
ရန်ကုန်မြို့နေ
ဦးသိန်းဝင်း-ဒေါ်မြတ်စိုးတို့၏ သမီးကြီး
မနှင်းဦးဝေ
B.A(IR)
လေယာဉ်မှူး (Air Bagan)

တို့သည် ၃-၁-၂၀၁၂ရက် (အင်္ဂါနေ့)တွင် Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်နှင့် ဇနီး၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ဦး(ငြိမ်း)နှင့်ဇနီး၊ လေယာဉ်မှူးကြီး ဦးစံထွန်းချိန်နှင့်ဇနီး၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုးတို့အားလည်းကောင်း၊ ၁၈-၃-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel (Myanmar Ball Room) ၌ ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်ထိမ်းမြားအခမ်းအနားတွင် မင်္ဂလာအခမ်းအနား နာယကအဖြစ် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးအောင်ဆန်း (ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ၊ Air Bagan)နှင့်ဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးထွန်းသိန်း (ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန) နှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော စန္ဒီ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ဂျာအောင်နှင့် Grace၊ မင်္ဂလာသတို့သားအရန်များအဖြစ် ဆောင်ရွက်ပေးကြပါသော ဒု-အကောက်ခွန်မှူး အာကာဟိန်း၊ ဒု-အကောက်ခွန်မှူး အောင်ပြည့်ဖြိုး၊ မင်္ဂလာသတို့သမီးအရန်များအဖြစ် ဆောင်ရွက်ပေးကြပါသော မကြည်မေနှင့် မို့မို့၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော မပုံ့ (My Favourite)၊ မိတ်ကပ်နှင့်အလှဆင်ပေးပါသော မိတ်ကပ်အဆိုင် (အောင်အောင်-တောင်ကြီး)၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဦးဝင်းနိုင်-ဒေါ်စမ်းစမ်း (Win & San Diamond Showroom) အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ထွန်းလင်း (Pictureman)နှင့်အဖွဲ့၊ ပန်းအလှဆင် ဦးလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ Chatrium Hotel နှင့် Traders Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ခဲ့ကြသော Air Bagan မိသားစု၊ စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးဝင်းထွန်း-မနှင်းဦးဝေ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးတင်ယု-ဒေါ်မြင့်မြင့်သန်းတို့၏ တစ်ဦးတည်းသောသား
မောင်စိုးဝင်းထွန်း(ခ)သူရဝင်း
B.C.Sc (D.S.A)
ဦးစီးအရာရှိ (အကောက်ခွန်ဦးစီးဌာန)
နှင့်
ရန်ကုန်မြို့နေ
ဦးသိန်းဝင်း-ဒေါ်မြတ်စိုးတို့၏ သမီးကြီး
မနှင်းဦးဝေ
B.A (IR)
လေယာဉ်မှူး (Air Bagan)

တို့၏ ၂၄-၃-၂၀၁၂ ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးအေးကို (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)နှင့်ဇနီး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးထင်ပေါ် (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးပါသော သရုပ်ဆောင် အကယ်ဒမီသက်မွန်မြင့်နှင့် သရုပ်ဆောင် Mဂျာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်နှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ယဉ်ယဉ်နှင့်မို့မို့၊ မင်္ဂလာသတို့သားအရန်အများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒု-အကောက်ခွန်မှူး အာကာဟိန်း၊ ဒု-အကောက်ခွန်မှူး အောင်ပြည့်ဖြိုး၊ မင်္ဂလာသတို့သမီးအရန်များအဖြစ် ဆောင်ရွက်ပေးကြပါသော ဘုတ်ဘုတ်နှင့် မွန်မွန်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Tree Music Band နှင့် Emperor အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မပုံ့ (My Favourite)နှင့် မိုးကုတ်ပေါက်ပေါက်၊ မိတ်ကပ်နှင့်အလှဆင်ပေးပါသော မိတ်ကပ်အဆိုင် (အောင်အောင်-တောင်ကြီး)၊ လက်ဝတ်ရတနာများအား မေတ္တာဖြင့်ဆင်မြန်းပေးပါသော ဦးဝင်းနိုင်-ဒေါ်စမ်းစမ်း (Win & San Diamond Showroom) အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ထွန်းလင်း (Pictureman)နှင့်အဖွဲ့၊ ပန်းအလှဆင်ဦးလင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ ၂၄-၃-၂၀၁၂ ရက် (စနေနေ့)တွင် Inya Lake Hotel ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Dream Boat အဖွဲ့မှ ကိုမောင်မောင်အေးနှင့်အဖွဲ့၊ Sedona Hotel နှင့် Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးဝင်းထွန်း-မနှင်းဦးဝေ

ရွှေကုလား
ကျိုက်ထီးရိုး (မူရင်း)
ချောင်းသာ (မူရင်း)
2090770/09-73167000
70344809-73168000

ဖခင်အမည်မှန်

အထက(၁)၊ မင်္ဂလာတောင်ညွန့် အဋ္ဌမတန်းအောင်မှ မောင်စိုင်းမြတ်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်း ၁၂/မဂတ(နိုင်)၀၀၀၀၇၄ ဖြစ်ပါသည်။

Fork Lift
1.5Ton, 2Ton, 3Ton & 5Ton
များရောင်းရန်ရှိသည်
Contact:
09 5004831, 09 73100850
09 73100851, 09 8640176

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မောင်ချို ၈/ခမန(နိုင်)၀၄၆၃၉၇ သည် မိဘ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြုအမူ၊ အပြောအဆိုများ ပြုမူလုပ်ကိုင်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မည်သည့်ကိစ္စ တစ်စုံတစ်ရာမျှ ကျွန်ုပ်တို့နှင့် မသက်ဆိုင်ပါ။

ဦးမင်းလှိုင် ၈/ခမန(နိုင်)၀၄၅၃၈၂
ဒေါ်ပြုံး ၈/ခမန(နိုင်)၀၄၆၆၅၁

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏနေ
(ဦးအောင်မင်း-ဇဟိုသ/မအသင်း)-ဒေါ်သင်းသင်းမာ(ဆောက်/လျှပ်-ငြိမ်း)
တို့၏သား၊
အရာခံဗိုလ်စိုးမြင့်(ငြိမ်း)၏တူသား
မောင်မင်းမောင်မောင်မျိုး
B.Sc (Chemistry), First Year (EMdevS)
Procurement Assistant (UNOPS Country Office, Myanmar)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ
ဦးမျိုးဝင်း (ဒု-လက်ထောက်ညွှန်ကြားရေးမှူး-
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)-
ဒေါ်ညိုမီခင်မောင်ဦး (အထပြ၊ အထက-၄၊ တ/ဥက္ကလာပ) တို့၏သမီး
မမြမဥ္ဇူ
B.C.Sc(Hons;), M.C.Sc (Thesis)
Data Assistant (WHO Country Office, Myanmar)

တို့သည် ၆-၅-၂၀၁၂ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းမောင်မောင်မျိုး-မမြမဥ္ဇူ

တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အိမ်အမှတ်(၂၄၇၈)၊ စက်ပိုင်း(၇) လမ်းနေ ဦးဝင်းတင်၏သား မောင်ရဲလင်းနိုင်(ခ)ဝေယံလင်း ၇/ပခန(နိုင်)၀၄၇၀၁၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဥတု
ရာသီ
တောကိုမှီ၏

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဟာသလွှင်ပြင်
(အပိုင်း-၁၀၅)
(ဇာတ်သိမ်း)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ထောင်စုနှစ်သမီးပျို
(အပိုင်း-၁၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ဒို့တာဝန်အရေးသုံးပါး
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
တမလွန်မှ
ပြောသောစကား
(အပိုင်း-၂၁)
-မြဝတီရုပ်မြင်သံကြားသတင်း

ရေးမြို့၌ မီးလောင်မှုဖြစ်ပွား

ရေး မေ ၁၃

မွန်ပြည်နယ် ရေးမြို့ သီရိနန္ဒာရပ်ကွက် ၃ လမ်း နေအိမ်တစ်အိမ်မှ မေ ၁၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် အုန်းသားကျပ်တိုက်ရာမှ တစ်ဆင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက မီးသတ်ကားလေးစီးနှင့် ပုဂ္ဂလိကရေသယ်ကားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၃ နာရီ ၅၅ မိနစ်အချိန်ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်နှစ်လုံးသာ မီးလောင်ဆုံးရှုံးသွားကြောင်း သိရှိရသည်။ **(အောက်ပုံ)** **နေမျိုးထွဋ်(ရေး)**

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
ကံစမ်းမဲဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်၏ (၁၈) နှစ်မြောက် အထိမ်းအမှတ် ကျင်းပမည့် အထူးကံစမ်းမဲ ဖွင့်လှစ်ပွဲကြီးအား မူလကြော်ငြာထားသည့် မေလ ၂၀ ရက် အစား မေလ ၁၉ ရက် (စနေနေ့) ညနေ ၆း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ Junction Square Shopping Center ရှေ့ရှိ Water Fountain မျက်နှာစာ၌ နိုင်ငံကျော် အနုပညာရှင်များစွာက ဖျော်ဖြေ၍ ဖွင့်လှစ်၍ ဆုများဖိုမြှင့်ပေးမည်ဖြစ်ပါသည်။ ရွှေနန်းတော် (၃)ဆိုင်စလုံးတွင် ဝယ်ယူအားပေးထားသော မိတ်ဟောင်းမိတ်သစ် ရွှေချစ်သူများသည် ရွှေနန်းတော် ဘောက်ချာ၊ ကံစမ်းမဲလက်မှတ်များ ယူဆောင်၍ မပျက်မကွက် တက်ရောက်ချီးမြှင့်အားပေးပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစု



KBJ(ကိုရီးယားဘာသာစကားသီးသန့် သင်တန်းကျောင်း)
EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်
EPS-TOPIK တန်းခွဲများစပြီ။
အမှတ်-52(b)၊ လေးလွှာ၊ အင်းစိန်လမ်း၊ လှည်းတန်း၊ စံရိပ်ငြိမ် ၃လမ်းနှင့် ၄လမ်းကြား။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရလပ/၂၂၊ မြေကွက်အမှတ် ၉၃၀၊ (ပေ၄၀×ပေ၆၀)အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သန်း အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လင်းဝင့်ကောင်း ၉/ဝတန (နိုင်) ၁၀၅၃၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကလျာဦး (LL.B,D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၂၅၅၂)
အမှတ် ၂၂၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၀၄၂၅၈

ဒီမိုကရေစီစနစ်တစ်ရပ်ဖော်ဆောင်ရာတွင် လွှတ်တော်၏အခန်းကဏ္ဍသည် အရေးကြီး
ဒီမိုကရေစီစနစ်ထွန်းကားရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား

နေပြည်တော် မေ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒနှင့် မေ ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို လေးစားကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံသမ္မတကြီး ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိစဉ်က မြန်မာနိုင်ငံအပေါ် ထားရှိသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးမူဝါဒများနှင့်စပ်လျဉ်း၍ အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဂျပန်နိုင်ငံက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးကြီးကြောင်း၊ ဂျပန်-မြန်မာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်လည်း အရေးကြီးကိစ္စတစ်ရပ်အဖြစ် ထင်မြင်ယူဆပါကြောင်း၊ လွှတ်တော်က ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဂျပန်-မြန်မာချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ခိုင်မြဲရေးအတွက် နှစ်ရှည်လများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့အားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ အမျိုးသားပြန်လည်စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံက အစဉ်အမြဲ ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကိုနိုဒတို့ တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒီမိုကရေစီစနစ်တစ်ရပ်ဖော်ဆောင်ရာတွင် လွှတ်တော်၏အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံးက သန္နိဋ္ဌာန်ချထားကြပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီစနစ်ဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ် *စာမျက်နှာ ၈ ကော်လံ ၁* ◆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်
J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လေ့လာ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက် ၉ နာရီတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ J Power, Isogo ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဟီတမူရက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တာဝန်ရှိသူများက ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သော်လည်း အဆင့်မြင့်နည်းပညာကို အသုံးပြုထားသည့် စက်ရုံဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကထားသည့် စက်ရုံဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာ့အလင်း နိုင်ငံတကာအားကစား

မန်စီးတီးတို့ နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်ဖလားဆွတ်ခူး

ကောင်းမြတ်သူ ➤ ရေးသားသည်

လန်ဒန် မေ ၁၃

အင်္ဂလိပ်ပရီမီယာလိဂ် ရာသီပိတ်ပွဲပြိုင်ပွဲများကို မေ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက အိမ်ကွင်းတွင် ကျူပီအာကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးသော ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

မန်စီးတီးကစားသမားများသည် အနိုင်ရရမည်ဆိုသောဆန္ဒနှင့် တစ်ချိန်လုံး ကျူပီအာအသင်းနောက်တန်းကို ဖိကစားခဲ့သည်။ ကျူပီအာတို့ကလည်း တစ်မှတ်ရလျှင် တန်းဆင်းရမည်မဟုတ်သဖြင့် ဂိုးမပေးရရေး အကြိတ်အနယ်ပိတ်ဆို့ကစားခဲ့သည်။

သို့သော်လည်း ပွဲချိန် ၃၉ မိနစ်တွင် ယာယာတိုရေး ဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် ဇာဘလက်တာက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးတို့ ယင်းဂိုးဖြင့် ကျူပီအာကို ပထမပိုင်းပြီးသည်အထိ ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီ ဆစ်ဆီက ကျူပီအာအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ကျူပီအာအသင်းမှ ဂျိုးဘာတန်နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ပွဲချိန် ၆၆ မိနစ်တွင် ကျူပီအာအသင်းမှ မက်ကီက *စာမျက်နှာ ၁၁ ကော်လံ ၃* ❒

ပရီမီယာလိဂ်ဖလားနှင့်အတူ အောင်ပွဲခံနေသော မန်စီးတီးကစားသမားများ။

14-5 (20).pmd 1 5/14/2012, 2:43 AM